မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၁)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ၃၀-၁၂-၂၀၂၄၊ တနင်္လာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ် တစ်ခုဖြစ်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သဝဏ်လွှာ

( ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျာ

ယနေ့ ခရစ်နှစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်၊ ကရင်သက္ကရာဇ် ၂၇၆၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အမြတ်တနိုးတန်ဖိုးထားသည့် ကရင်နှစ်သစ်ကူး နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူးအခါသမယတွင် ကရင်တိုင်းရင်းသားများအပါအဝင် မိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်မင်္ဂလာ နေ့ထူးနေ့မြတ် အချိန်အခါကို နှစ်စဉ်ပြာသိုလဆန်း (၁)ရက်နေ့တွင် ပျော်ရွှင်ကြည်နူးစွာ ကျင်းပဆင်နွှဲကြပြီး ထိုနေ့ကို နိုင်ငံတော်အစိုးရက မြန်မာတစ်နိုင်ငံလုံး တရားဝင်ရုံးပိတ်ရက်အဖြစ် လေးစားဂုဏ်ပြု သတ်မှတ်ပေးထားပါသည်။ နှစ်သစ်ကူးနေ့ကို ကောင်းမြတ်သောနေ့ဟု အဓိပ္ပာယ်ဖွင့်ကြပြီး နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းသည့် ကရင်တိုင်းရင်းသားတို့၏ ကရင်အမျိုးသားနှစ်သစ်ကူး အချိန်အခါသမယမှသည် နှစ်သစ်အတွက် စိတ်သစ်လူသစ်ဖြင့် လန်းဆန်းတက်ကြွနေကြမည်ဟု ယုံကြည်ပါသည်။

စာမျက်နှာ ၃ သို့ »»

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မအူပင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပုသိမ် ဒီဇင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မအူပင်ခရိုင် ပန်းတနော်မြို့နယ် မရမ်းကျေးရွာအုပ်စု မရမ်းကျေးရွာရှိ တောင်သူ ဦးအောင်ကျော်မိုး၏ ဆင်းရွှေကြာ ၂ ဆောင်းနေကြာ စံပြစိုက်ခင်း ၁၀ ဧကတွင် ဆောင်းနေကြာသီးနှံ ရွက်ဖျန်းမြေဩဇာ ပက်ဖျန်းခြင်းကို ကြည့်ရှုအားပေးပြီး ကရင်ဒုံးယိမ်းအကအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်၍ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဒေသခံတောင်သူများအား ဆေးဖျန်းပုံးများနှင့် ရွက်ဖျန်းမြေဩဇာများ ပေးအပ်သည်။

ထို့နောက် ပန်းတနော်မြို့နယ် ဒေါ်ဝါးကျေးရွာအုပ်စု ဒေါ်ဝါးကျေးရွာရှိ တောင်သူ ဦးကျော်ခိုင်ဝင်း၏ နွေစပါးစိုက်ဧက ငါးဧကတွင် ဆိုလာရေတင်စနစ်ဖြင့် နွေစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား

စာမျက်နှာ ၇ သို့ ❑



### အများအားဖြင့် သာယာမည်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ တနင်္လာနေ့။

မန္တလေး

# စကားပြောရာတွင် ရှောင်ကြဉ်ရမည့် အချက်များကို အစဉ်လိုက်နာကြပါစို့

လူ့လောကတွင် စကားကို ချက်ချက်ချာချာ သွက်သွက်လက်လက်ပြောဆိုတတ်ရန် လိုအပ်မည်ဖြစ်သည်။ စကားပြောရမည့် အကြောင်းအရာတစ်ခုအပေါ်တွင် ဒိုးခနဲ ဒေါက်ခနဲ ချက်ချင်းတုံ့ပြန်တတ်ရမည်ဖြစ်သည်။ စကားကို ထိထိမိမိ ပြောဆိုတတ်ရန် ကြိုးစားရမည်လည်း ဖြစ်သည်။ မိမိပြောသော စကားတစ်ခွန်းက တန်ဖိုးရှိရန်လိုအပ်မည်ဖြစ်သည်။ တစ်ပါးသူက ပြန်လည်ငြင်းချက်မထုတ်နိုင်အောင် ချည်နှောင်ပြောတတ်ရန်လည်း လိုအပ်မည်ဖြစ်သည်။ သို့ရာတွင် တစ်ပါးသူ၏ ချို့ယွင်းချက် ပျော့ကွက်များကို ဖိနင်းကာ မပြောသင့်ပါ။ မိမိစကားကြောင့် သူတစ်ပါးကို နာကျင်ထိခိုက်မသွားသင့်ပေ။ စကားပြောဆိုရာတွင် ရှောင်ကြဉ်ရမည့် အချက်များရှိပါသည်။ လူတစ်ယောက်အပေါ် အခြားလူတစ်ယောက်က အထင်သေးသွားအောင်၊ ဒေါသထွက်လာအောင်၊ ရန်လိုလာအောင်၊ လေးစားမှုလျော့ပါးအောင် လှုံ့ဆော်ပြောခြင်းဖြစ်သည်။ တစ်ဖန် စကားကို မဆင်မခြင် အားမနာ လျှာမကျိုး ပြောတတ်ခြင်း၊ နိမိတ်မရှိ၊ နမာမရှိ ပြောတတ်ခြင်း၊ စကားရှောင်း၊ စကားဝယ်လုပ်ခြင်း၊ နှုတ်သီးကောင်း ရန်တွေ့ခြင်း၊ နိုင်ထက်စီးနင်းပြောဆိုခြင်းတို့ကိုလည်း ရှောင်ကြဉ်ရမည် ဖြစ်သည်။

စကားကို ပြေပြေပြစ်ပြစ် ချိုချိုသာသာ ပြောကြရန်အတွက် "တစ်ယောက်စကား တစ်ယောက်နားမှာ မခါးရအောင် သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ"ဟူ၍ အင်းဝခေတ်စာဆိုတော် ရှင်မဟာရဋ္ဌသာရက ဆုံးမလမ်းညွှန်ထားခဲ့သည်။ ပြေပြစ်ခြင်းမှာ ချောမွေ့ခြင်းပင်ဖြစ်သည်။ ယင်းကို စကားပြောရာ၌ ရည်မွန်သည်ဟုဆိုကြသည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် ထိုအချက်ကို အထူးသတိထားရန် လိုအပ်သည်။

နှုတ်ဖျားတွင် ထာဝစဉ်ထားသင့်သော စကားတစ်မျိုးရှိပါသည်။ ယင်းမှာ "ကျေးဇူးတင်ပါတယ်"ဟူ၍ ဖြစ်သည်။ လောကတွင် လူဖြစ်လာသည်နှင့် ကျေးဇူးတရားနှင့် မည်မျှမကင်းကွာနိုင်ပါ။ အနန္တောအနန္တ ငါးပါးမှစ၍ မိမိအတွက် အကျိုးတစ်စုံတစ်ရာ ကူညီဖေးမဆောင်ရွက်သူအားလုံးတို့သည် မိမိ၏ ကျေးဇူးရှင်များဖြစ်ပါသည်။ ကျေးဇူးရှင်ကို ကျေးဇူးတင်ကြောင်းပြောရန် ဝန်မလေးသင့်ပါ။ ထို့ပြင် တစ်ခါတစ်ရံ မိမိဘက်က လုံးဝဆင်ခြင် လျှို့ဝှက်မျိုသိပ်သင့်သော စကားများကို ဒေါသအလျောက် ထိန်းချုပ်မှုမဲ့စွာ ပေါက်ကွဲပြောဆိုမိတတ်ကြသည်။ ထိုစကားကြောင့် တစ်ဖက်သား နာကျင်ခံစားသွားခဲ့ရသည်။ ထို့ကြောင့် စကားကို စည်းလွတ်ဘောင်လွတ်မပြောမိစေရန် သတိထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူတို့သည် စကားပြောဆိုရာ၌ အချိုကြိုက်ကြသည်။ နှုတ်ချိုသာခြင်းသည် သမ္မာဝါစာ ကောင်းသောစကားဆိုခြင်းဟု ဘုရားရှင်က ဟောတော်မူခဲ့ရာ စကားကို ပြောသင့်မှပြောခြင်း၊ မှန်သောစကားပြောခြင်း၊ တရားသဖြင့်ပြောခြင်း၊ အကျိုးရှိအောင်ပြောခြင်း၊ နှစ်လိုဖွယ်စကားကို ပြောခြင်း၊ ပြုံးရွှင်စွာပြောခြင်း၊ အလျင်စလိုမပြောခြင်း၊ ယဉ်ကျေးသိမ်မွေ့စွာပြောခြင်း၊ မတိုမရှည်ချင့်ချိန်ပြောခြင်း၊ တိကျပြတ်သားစွာပြောခြင်းတို့ဖြင့် စကားပြောဆိုရာတွင် ရှောင်ကြဉ်ရမည့်အချက်များ အစဉ်လိုက်နာကာ လူမှုဆက်ဆံရေးနယ်ပယ်ကို ဖြတ်သန်းရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အ.ထ.က(၁၀)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၂၉**

အ.ထ.က(၁၀)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၆) ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၆ လမ်း၊ ၂၂ လမ်းထောင့်ရှိ အဆိုပါကျောင်း၊ မြနန္ဒာခန်းမတွင် ကျင်းပပြုလုပ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၆၀ ဦး၊ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ နာယကများ၊ ဥက္ကဋ္ဌ ဦးထွန်းဝေနှင့် ကော်မတီဝင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ချိုးဖြင့် ကန်တော့ရာ ကန်တော့ချိုးအား ဦးနေလင်းက တိုင်ကြားပေးသည်။

ထို့နောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးကျော်ဝင်းမောင်နှင့် ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်တို့က ဆုံးမစကားပြောကြားပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အ.ထ.က (၁၀)အတွက် အလှူငွေပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းက ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဦးဇော်လင်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ အထွေထွေအတွင်းရေးမှူး ဦးကျော်နိုင်မင်းက လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

၄င်းနောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၆၀ ဦးတို့အား ကန်တော့ငွေ ကျပ်တစ်သိန်းငါးသောင်းနှင့် ဂါရဝပြုပစ္စည်းများ၊ တစ်ဦးချင်းကန်တော့ငွေများကို ကျောင်းသား၊ ကျောင်းသူဟောင်းများက တစ်ဦးချင်း ဂါရဝပြုပေးအပ်ကြပြီး ဆရာ၊ ဆရာမကြီးများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(၀၉၃)



## မီးဘေးလုံခြုံရေး မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်

**မူဆယ် ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာနပိုင် အမှတ်(၁)ဈေး၊ အမှတ်(၂)ဈေးနှင့် ဆင်ဖြူဈေးများတွင် မီးလောင်ဆုံးရှုံးမှုမဖြစ်ပွားစေရေးအတွက် ယနေ့ နံနက် ၈ နာရီတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်ခြင်းများကို မူဆယ်ခရိုင်မီးသတ်ဦးစီးဌာနနှင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မူဆယ်ခရိုင်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလွှမ်းမိုးအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်မျိုး၊ ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင် ဦးဆောင်သော စည်ပင်သာယာရေးဌာနဝန်ထမ်းများ၊ ဈေးကော်မတီအဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အမှတ်(၁)ဈေး၊ အမှတ်(၂)ဈေးနှင့် ဆင်ဖြူဈေးတို့တွင် လျှပ်စစ်မီးလိုင်းတပ်ဆင်ထားရှိမှု၊ အပေါ့စား မီးသတ်စက်ထားရှိမှု၊ ဈေးအတွင်း မီးသတ်ယာဉ် ဝင်၊ ထွက် လမ်းဆောင်ရွက်ထားရှိမှု၊ မီးသတ်ရေငုတ်တပ်ဆင်ထားရှိမှုနှင့် မီးသတ်ရေလှောင်ကန်များအား စစ်ဆေး၍ ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုသရုပ်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၅၃)**

## ငရုတ်ဧက ၈၀၀ စိုက်ပျိုးပြီးဖြစ်

**မကွေး ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ယခုနှစ်ဆောင်းရာသီ၌ ငရုတ်ဧက ၈၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်ရှိ ပင်းဝကျေးရွာအုပ်စု၊ ဘူးကျွန်းကျေးရွာအုပ်စု၊ မာန်မြေကျေးရွာအုပ်စု၊ ဖောင်းကတောကျေးရွာအုပ်စုများတွင် ကိုင်းမြေနုများ၌ စတင်၍ ငရုတ်ကို အဓိကထားစိုက်ပျိုးနေကြပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကိုင်းမြေနုများမှာ ငရုတ်ကို အဓိကထားပြီး စိုက်နေကြကာ ငရုတ်သီးစိမ်းအဖြစ် ရောင်းရကာ ငရုတ်ခြောက်၊ ခွဲခြမ်းစက်၊ အရောင်တင်လုပ်ငန်းများက ဝယ်ယူသောကြောင့် ငရုတ်စိုက်ပျိုးရေးမှာ တွက်ခြေကိုက်ကြောင်း ဒေသခံတောင်သူတစ်ဦးထံက သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာများ ပံ့ပိုးခြင်းဖြင့် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ဆောင်းသီးနှံငရုတ်ကို ၉၁၃ ဧက လျာထားပြီး စိုက်ပျိုးလျက်ရှိရာ ဧက ၈၀၀ စိုက်ပျိုးပြီးစီးကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

(၄၇၂)

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊



ရန်ကုန်မြို့၏ ညအလှ ဓာတ်ပုံ - အောင်ကျော်မိုး

နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရတံခါးဖွင့် ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်းဖိတ်ခေါ် ကြိုဆိုလျက်ရှိတယ်၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၁-၁-၂၀၂၄ ရက်နေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

»»» ရှေ့ဖုံးမှ

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် တစ်ဦးနှင့်တစ်ဦး ဓလေ့ထုံးစံများ မတူကွဲပြားခြားနားကြသော်လည်း တိုင်းရင်းသားမျိုးနွယ်စုအားလုံး မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ မွေးမြူပြီး တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားလေးစား၍ အတူတကွနေထိုင်လာခဲ့ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်သည့် အရပ်ဒေသနှင့် ပြောဆိုသုံးနှုန်းသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်သည့်ဘာသာ၊ ဓလေ့ထုံးတမ်းအစဉ်အလာ စသည်ဖြင့် မည်သို့ပင်ကွဲပြားခြားနားစေကာမူ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမတို့ကဲ့သို့ စုပေါင်းနေထိုင်လာခဲ့ကြပါသည်။

ကရင်တိုင်းရင်းသားများသည် မြန်မာနိုင်ငံဖွား တိုင်းရင်းသားများဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ ထို့အပြင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ဖြန့်ခွဲပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ ကရင်တိုင်းရင်းသားတို့သည် သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားအားလုံးနှင့် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြပါသည်။ ထို့ပြင် မိမိတို့နိုင်ငံ သူ့ကျွန်ဘဝကျရောက်ခဲ့စဉ်ကာလ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ကရင်တိုင်းရင်းသားတို့သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်အဝဖြင့် တိုင်းရင်းသားအားလုံးနှင့်အတူ အသက်သွေးချွေးတို့စတေးပြီး တိုက်ပွဲဝင်ခဲ့ကြသည်ကို သမိုင်းက သက်သေတည်လျက်ရှိသည်မှာ လေးစားဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

ကရင်တိုင်းရင်းသားတို့သည် ပင်ကိုသဘာဝအရ ရိုးသားအေးချမ်းပြီး မာန်မာနကင်းစင်ကြသည်။ သို့သော် ရဲရင့်ပြတ်သားပြီး ကတိသစ္စာလည်း ကြီးမားကြပါသည်။ နိုင်ငံအတွက် မျိုးချစ်စိတ်ဖြင့် အရေးကြီးက သွေးစည်းခဲ့ကြပါသည်။ ကရင်တိုင်းရင်းသားများသည် ဘိုးဘွားဘီဘင် အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များကို လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းလိုပါသည်။

❖ **မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများနည်းတူ အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးသည် မိမိတို့၏ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်ပြီး အားလုံးအတူတကွ ဥမကွဲသိုက်မပျက် တွဲလက်များ ညီညာပါက ပြည်ထောင်စုကြီးသည်လည်း စည်းလုံးညီညွတ်မှုဖြင့် အစွန့်ရှည်တည်တံ့ခိုင်မြဲနေမည်**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများနည်းတူ အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးသည် မိမိတို့၏ ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်ပြီး အားလုံးအတူတကွ ဥမကွဲသိုက်မပျက် တွဲလက်များညီညာပါက ပြည်ထောင်စုကြီးသည်လည်း စည်းလုံးညီညွတ်မှုဖြင့် အစွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ယနေ့အချိန်အထိ လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်မငြိမ်၊ မအေးမချမ်းဖြစ်နေခြင်းကို သတိထားသင့်ကြပါသည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ယနေ့ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ တစ်ဦးနှင့်တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်စေပြီး နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခများကို လျှော့ချကာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှရရှိလာသည့် သဘောထားမှတ်ချက်များကိုလည်း နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများအတွက် အစဉ်အမြဲဖိတ်ခေါ်ကြိုဆိုပြီး တံခါးဖွင့်ထားပါသည်။ ရှေ့ဆက်၍လည်း ငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ ပြည်သူပြည်သားအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် မူလစိုက်ပျိုးမွေးမြူရေးသာမက ခေတ်မီနည်းစနစ်များဖြင့် အစာအာဟာရ ထုတ်လုပ်ခြင်းများကိုလည်း တီထွင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းထုတ်လုပ်မှုများကို တတ်နိုင်သမျှထိန်းသိမ်းပြီး ပြည်ပသို့ တင်ပို့ခြင်းမပြုလုပ်ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့် ထွက်ကုန်များကိုသာ ပိုမိုတင်ပို့ခဲ့ပါသည်။ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံးကလည်း စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေးကို အထူးအားပေးဆောင်ရွက်ကြရန်လိုပါသည်။ ပြည်ပရောင်းတမ်းဝင်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ညီမျှစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

ယနေ့နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာ နေရာဒေသများအတွင်း တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်းဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ခြင်းဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေးဖော်ဆောင်ကြကာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ပိုမိုရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာပေးပို့အပ်ပါသည်။

❖ **ယနေ့နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်**

❖ **ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာ နေရာဒေသများအတွင်း တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်းဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ခြင်းဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေးဖော်ဆောင်**

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

| | |
|---|---|
| (၄) မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ခရိုင်အခွန်ဦးစီးဌာနမှူး ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၅) ခရိုင်ဥပဒေအရာရှိ ခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| (၆) ခရိုင်ဦးစီးမှူး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၇) ခရိုင်ဦးစီးမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) ခရိုင်ဦးစီးမှူး သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၉) တာဝန်ခံအရာရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၀) ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့မှူး | အတွင်းရေးမှူး |

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များနှင့်အညီ နေရာဒေသအလိုက် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံး ကြီးကြပ်ကွပ်ကဲသူအရာရှိ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ခ) မရွှေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်းကိုဖြစ်စေ၊ သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းကိုဖြစ်စေ ခံဝန်ချုပ်ဖြင့် အပ်နှံခြင်း သို့မဟုတ် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) သက်သေခံပစ္စည်းဖြစ်သော တိရစ္ဆာန်များကို ထိန်းသိမ်းရန် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် အပ်နှံခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို ပျက်စီးဆုံးရှုံးမှုမရှိစေရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအား တရားစွဲဆိုတင်ပို့ခြင်း မပြုမီ တရားရုံးအမိန့်ဖြင့် ထုခွဲရောင်းချစေပြီး ရရှိသောငွေကြေးကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ငွေစာရင်းတွင် ထိန်းသိမ်းထားပြီး စစ်ဆေးစီရင်မှုပြီးဆုံးသည့်အခါ တရားရုံး၏ အမိန့်နှင့်အညီဆောင်ရွက်ခြင်း၊

(င) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ပါက အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက်ကျော်လွန်သည့်အခါ အဆိုပါသက်သေခံပစ္စည်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ ဆောလျင်စွာတင်ပြခြင်း၊

(စ) ထိန်းသိမ်းထားရှိသော သက်သေခံပစ္စည်းများကို ပျက်စီးမှုနှင့် ပျောက်ဆုံးမှုမရှိစေရေး လစဉ်စစ်ဆေးကြပ်မတ်ခြင်း၊

(ဆ) သက်သေခံပစ္စည်းများ ရွှေ့ပြောင်းခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျမည့် အသုံးစရိတ်များနှင့် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံး၏ အသုံးစရိတ်များကို တွက်ချက်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြတောင်းခံခြင်း၊

(ဇ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဆောင်ရွက်ချက် အစီရင်ခံစာကို သက်သေခံပစ္စည်းစာရင်းများနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဈ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးအား ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) သက်သေခံပစ္စည်းအဖြစ် ထိန်းသိမ်းထားသော ယာဉ်အမျိုးမျိုး၊ စက်ယန္တရားများနှင့် အခြားသက်သေခံပစ္စည်းများအား မပျက်စီးစေရန် စီမံခြင်း၊

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက အခါအားလျော်စွာ ပေးအပ်သော သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)
## သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံး တည်ထောင်ခြင်းနှင့် ရုံးဝန်ထမ်းခန့်အပ်တာဝန်ပေးအပ်ခြင်း

၁၁။ ပြည်ထဲရေးဝန်ကြီးဌာနသည်-

(က) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်များတွင် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးကို တည်ထောင်ပေးရမည်။

(ခ) သက်သေခံပစ္စည်းစီမံထိန်းသိမ်းရေးရုံးအတွက် လိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးအပ်ရမည်။

(ဂ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးကို ကြီးကြပ်ကွပ်ကဲရန် ရဲမှူးအဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးကို ကြီးကြပ်ကွပ်ကဲသူအရာရှိအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။

## အခန်း(၆)
## တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ တာဝန်

၁၂။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံရမည်။

၁၃။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို သက်ဆိုင်ရာသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ အခြားဓာတုပစ္စည်းများ၊ လက်နက်ခဲယမ်းမီးကျောက်များ သို့မဟုတ် ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်ပြီး ခန့်မှန်းကာလတန်ဖိုးကျပ် ၁၀ သန်းနှင့်အထက် ဖြစ်ပြီး တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် ပစ္စည်းဖြစ်ပါက နီးစပ်ရာသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့ ၄၈ နာရီအတွင်း သယ်ယူပို့ဆောင်အပ်နှံခြင်း၊

(ဂ) သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော ပစ္စည်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ကော်မတီက သတ်မှတ်သည့်အချိန်ကာလအတွင်း သယ်ယူပို့ဆောင်အပ်နှံခြင်း။

၁၄။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့အပ်နှံရာတွင် အောက်ပါတို့ကို ပူးတွဲပေးအပ်ရမည်-

(က) သက်သေခံပစ္စည်းတစ်ခုချင်းစီ၏ အရှေ့၊ အနောက်၊ ဘေး ဝဲ၊ ယာနှင့် လိုအပ်ပါက အပေါ်နှင့် အောက်တို့အား ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ခ) ယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများဖြစ်ပါက ကနဦးယာဉ်စစ်ဆေးချက်ပုံစံနှင့်အတူ ယာဉ် သို့မဟုတ် စက်ယန္တရားများ၏ အတွင်းနှင့် အပြင်အခြေအနေများအား ပေါ်လွင်အောင် ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ဂ) အဆောက်အဦဖြစ်ပါက ယင်းအဆောက်အဦအတွင်းနှင့်အပြင် အခြေအနေများအား ပေါ်လွင်အောင်ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ဃ) ရှာဖွေပုံစံ သို့မဟုတ် ပစ္စည်းသိမ်းပုံစံမိတ္တူ၊ ကျွမ်းကျင်သူ၏ စစ်ဆေးတွေ့ရှိချက် မှတ်တမ်းများ။

၁၅။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင်-

(က) ထိန်းသိမ်းရန်လွယ်ကူသည့် သက်သေခံပစ္စည်း သို့မဟုတ် ရွှေ၊ ငွေ၊ ရတနာနှင့် အဖိုးတန်သက်သေခံပစ္စည်းများကို သက်ဆိုင်ရာတရားရုံးသို့ တစ်ပါတည်းတင်ပြရမည်။

(ခ) တရားရုံးသို့ တင်ပို့ရန်မလွယ်ကူသော သက်သေခံပစ္စည်းများဖြစ်ပါက အဆိုပါသက်သေခံပစ္စည်းများကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း သို့မဟုတ် မည်ကဲ့သို့ စီမံခန့်ခွဲထားကြောင်း အထောက်အထားဖြင့် တရားရုံးသို့ တင်ပြရမည်။

## အခန်း(၇)
## သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်း

၁၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက တရားစွဲဆိုတင်ပို့ခြင်းမပြုမီ လာရောက်အပ်နှံသော သက်သေခံပစ္စည်းများကို အောက်ပါအတိုင်းစီမံခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုနိုင်သည်-

(က) ထိန်းသိမ်းရန်လွယ်ကူပြီး တန်ဖိုးနည်းသက်သေခံပစ္စည်းများကို သက်ဆိုင်ရာရဲစခန်းတွင် ထိန်းသိမ်းစေခြင်း၊

(ခ) ဘဏ်လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ၊ အဖိုးတန်စာတမ်းအမှတ်အသားများ၊ ရွှေ၊ ငွေ၊ ရတနာနှင့် အဖိုးတန်ပစ္စည်းများကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်၌ သတ်မှတ်ချက်များနှင့်အညီ အပ်နှံထိန်းသိမ်းစေခြင်း၊

(ဂ) အစိုးရနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသို့ စာရင်းဇယားနှင့်အတူ လွှဲပြောင်းပေးအပ်ထိန်းသိမ်းစေခြင်း၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် မရွှေ့မပြောင်းနိုင်သောသက်သေခံပစ္စည်းများ သို့မဟုတ် သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသည့် သက်သေခံပစ္စည်းများကို ထိန်းသိမ်းရန် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်း၊

(င) ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးတွင် ထိန်းသိမ်းခြင်း၊

(စ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် သိမ်းဆည်းရမိသည့်တိရစ္ဆာန်များကို ထိန်းသိမ်းရန် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် အပ်နှံခြင်း။

စာမျက်နှာ ၅ သို့ ★

★ စာမျက်နှာ ၄ မှ

## အခန်း(၈)
## သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်း

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက သိမ်းဆည်းထားသည့် သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၁၈။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည် သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ထုခွဲရောင်းချခွင့်ပြုရန် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားပြီး တရားရုံး၏ အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

၁၉။ တရားရုံးသည်-

(က) အမှုဖြင့်တင်ပြထားသော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်မှု မပြီးဆုံးမီဖြစ်စေ၊ ပြီးဆုံးသည့်အခါတွင်ဖြစ်စေ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်သေခံပစ္စည်းစီမံခန့်ခွဲသည့်အမိန့်ကို သက်ဆိုင်ရာ ဒေသဆိုင်ရာကော်မတီသို့ အကြောင်းကြားရမည်။

(ခ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုသည့်အမှုမှ သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အခန်း ၄၃၊ ပစ္စည်းများကိုစီမံခန့်ခွဲခြင်း အခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

(ဂ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(၇)အရ အစိုးရကစီမံခန့်ခွဲသည့် သို့မဟုတ် စီမံခန့်ခွဲပြီးဖြစ်သည့် ပစ္စည်းဖြစ်ပါက ယင်းပစ္စည်း၏ ပိုင်ရှင်အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၉ အရ ပြန်လည်ပေးအပ်ခြင်းမပြုလျှင် သို့မဟုတ် ဝရမ်းစွဲကပ်သည့်နေ့မှ နှစ်နှစ်အတွင်း ယင်းပစ္စည်း၏ ပိုင်ရှင်သည် တရားရုံးရှေ့သို့ လာရောက်ခြင်းမရှိလျှင် သို့မဟုတ် ယင်းပစ္စည်း၏ ပိုင်ရှင်အား ဖမ်းဆီးရမိခြင်းမရှိလျှင် အဆိုပါပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူသည့်အမိန့် ချမှတ်ရမည်။

၂၀။ ဒေသဆိုင်ရာကော်မတီသည် သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်မှုပြီးဆုံးသည့်အခါ တရားရုံး၏အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

၂၁။ (က) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ပါက ယင်းအမိန့်ကို သက်ဆိုင်ရာ ဒေသဆိုင်ရာကော်မတီသို့ အကြောင်းကြားရမည်။

(ခ) ဒေသဆိုင်ရာကော်မတီသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားသည့်အမိန့်ကို ဗဟိုကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်။

၂၂။ တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားသော မြေနှင့်မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှအပ အခြားသက်သေခံပစ္စည်းကို နိုင်ငံ့ဘဏ္ဍာသိမ်းရန် အမိန့်ချမှတ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် အယူခံ သို့မဟုတ် ပြင်ဆင်မှု တင်သွင်းရမည့်ရက်ကျော်လွန်လျှင် သတ်မှတ်ချက်များနှင့်အညီ လေလံတင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်းကို ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၃။ ဗဟိုကော်မတီသည် တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်သည့် သက်သေခံပစ္စည်းများအနက် မြေနှင့်အဆောက်အဦကဲ့သို့သော မရွှေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၄။ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားရှိသည့် ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများ ရောင်းချခြင်းမှ ရရှိသောငွေများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ခ) ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၂၅။ တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးက သိမ်းဆည်းထားသော သက်သေခံပစ္စည်း လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ပါက ယင်းပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ကုန်ကျသည့်စရိတ်ငွေများကို သက်သေခံပစ္စည်း လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးသွင်းစေပြီး ယင်းသက်သေခံပစ္စည်းကို ပြန်လည်ပေးအပ်ရမည်။

၂၆။ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် ထိန်းသိမ်းထားသော သက်သေခံပစ္စည်းကို ဖျက်ဆီးရန် တရားရုံးမှ အမိန့်ချမှတ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေး နှင့် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြပြီး လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၉)
## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခြင်း၊ အရေးယူခြင်းနှင့် အယူခံခြင်း

၂၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ထိန်းသိမ်းထားသော သို့မဟုတ် ဝရမ်းကပ်ထားသော သက်သေခံပစ္စည်းများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် သို့မဟုတ် သတင်းရရှိလျှင် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း အကြောင်းအရင်းကို စုံစမ်းစစ်ဆေးနိုင်ရန် သတ်မှတ်ချက်နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် မိမိ၏ ကော်မတီအဖွဲ့ဝင်တစ်ဦးဦးအား ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေပြီး သင့်လျော်သည့်ဌာနများမှ ကိုယ်စားလှယ် ၂ ဦး အပါအဝင် အနည်းဆုံး အဖွဲ့ဝင် ၃ ဦး ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၉။ ပုဒ်မ ၂၈ အရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည်-

(က) သက်ဆိုင်သည့်ပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးပြီး လိုအပ်သည့် သက်သေခံချက်များ ရယူနိုင်သည်။

(ခ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို သက်သေခံချက်များ၊ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ သတ်မှတ်ချက်နှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(ဂ) စုံစမ်းစစ်ဆေးသည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရမည်။

၃၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်သေခံပစ္စည်းများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးလျက်ရှိကြောင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီနှင့် ယင်းသက်သေခံပစ္စည်းနှင့် သက်ဆိုင်သောအမှုကို စစ်ဆေးနေသောတရားရုံးသို့ ဆောလျင်စွာ တင်ပြရမည်။

၃၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်တင်ပြရမည်။

၃၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီများ၏ အကြံပြုချက်များအရ-

(က) သက်သေခံပစ္စည်းများ ထိန်းသိမ်းရန် တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ၏ ပေါ့လျော့မှု၊ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် မဟုတ်ဘဲ သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုးကြောင့် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို သက်သေခံပစ္စည်းများစာရင်းမှ ပယ်ဖျက်ခွင့်ပြုရန် သက်ဆိုင်ရာ တရားရုံးသို့ တင်ပြရမည်။

(ခ) သက်သေခံပစ္စည်းများ ထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ၏ ပေါ့လျော့မှု၊ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတို့ကြောင့် သက်သေခံပစ္စည်းများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်လျှင် ထိုသူကို ပစ္စည်းတန်ဖိုး ပြန်လည်ပေးလျော်စေရန် အမိန့်ချမှတ်ပြီး ယင်းအမိန့်ကို သက်ဆိုင်ရာ တရားရုံးသို့ တင်ပြရမည်။

(ဂ) သက်သေခံပစ္စည်းများ ထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့်လက်ခံထားသူက သက်သေခံပစ္စည်းကို အခြားပစ္စည်းတစ်ခုခုဖြင့် လဲလှယ်ခြင်း၊ အတုပြုလုပ်အစားထိုးခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်ပါက ဤဥပဒေအရ အရေးယူရန် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီအား ညွှန်ကြားရမည်။

၃၃။ ပုဒ်မ ၃၂ ပုဒ်မခွဲ(ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက ချမှတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

၃၄။ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

၃၅။ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်စေရမည်။

## အခန်း(၁၀)
## တားမြစ်ချက်များ

၃၆။ သက်သေခံပစ္စည်းများ ထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ မည်သူမျှ သက်သေခံပစ္စည်းများကို အခြားပစ္စည်းတစ်ခုခုဖြင့် လဲလှယ်ခြင်း၊ အတုပြုလုပ်အစားထိုးခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၃၇။ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း ဆောင်ရွက်သည့် တာဝန်ရှိသူ မည်သူမျှ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိရ။

၃၈။ မည်သူမျှ ဒေသဆိုင်ရာကော်မတီ၏ စီမံထိန်းသိမ်းမှုအောက်ရှိ သက်သေခံပစ္စည်းကို ခိုးယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်းမပြုရ။

စာမျက်နှာ ၆ သို့ ★

## ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၅၉ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

**ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးညွန့်လင်းအား ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၆၀ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

**ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်နွဲ့နွဲ့ဦး အား ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

❑ ရှေ့ဖုံးမှ

ယူရီးယားမြေသြဇာများ ပေးအပ်ကာ ကရင်ဒုံးအကအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ခနေဖြူမြို့နယ် ယင်းကဒစ်ကျေးရွာရှိ ရေနက်ကွင်းတွင် ရေတစ်ပေါင်၊ ကုန်းတစ်ပေါင် စိုက်ပျိုးနည်းစနစ်ဖြင့် အလှိုင်းကုမ္ပဏီက စိုက်ပျိုးထားရှိသော အုန်းချိုမွှေး စိုက်ပျိုးရေးခြံ ဧက ၁၈၀ သို့ သွားရောက်၍ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးပြီး အုန်းချိုမွှေးလုပ်ငန်းအပြင် အုန်းသီးတန်ဖိုး ကွင်းဆက်မြင့်မားရေး၊ အုန်းအခြေခံ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအပြင် မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မအူပင် မြို့နယ် မီးသွေးချောင်းကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာရှိ တေဇဝန္တာရာမ ပတ္တမြားကျောင်းတိုက်သို့ ရောက်ရှိကာ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတအား ဖူးမြော်၍ သင်္ကန်းခြင်း၊ ဆန်နှင့် ဆီတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မအူပင်မြို့နယ် လေးအိမ်စုကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေး၍ လေးအိမ်စုကျေးရွာ ဓမ္မစကူးလ်ကျောင်း သီလရှင်ဆရာကြီး ဒေါ်ဟေမာစာရီကို ဆန်နှင့် ဆီများ လှူဒါန်းကာ ဓမ္မစကူးလ် ကျောင်းသား၊ ကျောင်းသူများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ လမ်းညွှန်အမှာစကား ပြောကြားပြီး ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု ချောင်းဝကျေးရွာတွင် ကျင်းပသည့် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ပြီး ကရင်တိုင်းရင်းသားများနှင့် တွေ့ဆုံ၍ “ကရင်လူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် စစ်မှန်သည့် ရိုးရာအမွေအနှစ်များကို မပျောက်မပျက် ထိန်းသိမ်းကြကာ စည်းလုံးညီညွတ်စွာဖြင့် နေထိုင်သွားကြရန် လိုကြောင်း” နှစ်သစ်အကြို နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကရင်ရိုးရာဒုံးအကဖြင့် ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ ချီးမြှင့်ငွေများပေးအပ်သည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ဇရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် အ·ထ·က ညောင်အိုင်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝန်းကျင် သန့်ရှင်းသာယာလှပမှုနှင့် စာသင်ခန်းအခြေအနေများကို လှည့်လည်ကြည့်ရှု၍ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး၊ ဆရာ၊ ဆရာမများ၊ ကျောင်းကော်မတီဝင်များနှင့် တွေ့ဆုံကာ ပညာရေးကဏ္ဍ ဘက်စုံတိုးတက်ဖွံ့ဖြိုးစေရေး တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၇၅ ဒသမ ၈၆ ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ရာနှုန်းပြည့်နှင့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ၇၅ ရာခိုင်နှုန်းရရှိအောင် စွမ်းဆောင်နိုင်သော အ·ထ·က ညောင်အိုင်ကျောင်းအား ငွေကျပ် ၁၀ သိန်း ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စီးပွားဖြစ်ကြံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ပုဗ္ဗသီရိ ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတောင်သူများသည် မြေအောက်ရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြရာ ယခုနှစ်တွင် ဒေသခံတောင်သူအချို့အနေဖြင့် ကြံသီးနှံကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး အောင်မြင်ဖြစ်ထွန်း၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ကျည်တောင်ကန်ကျေးရွာမှ စိုက်ပျိုးရေးတောင်သူ ဦးဇော်မင်းထံက သိရသည်။

“ကျွန်တော်တို့ ကျေးရွာမှာ ကြံသီးနှံကို စီးပွားဖြစ်စိုက်ပျိုးတာ အောင်မြင်ဖြစ်ထွန်းမှု ရှိပါတယ်။ စိုက်ပျိုးတဲ့ကြံကတော့ အရင်နှစ်က စိုက်ပျိုးပြီး ကြံပင်တွေကို ခုတ်ပိုင်းပြီး စိုက်ပျိုးထားတာ ဖြစ်ပါတယ်။ ကြံသီးနှံက စိုက်ပျိုးပြီး သက်တမ်း တစ်နှစ်ရှိရင် ခုတ်ရောင်းလို့ရပါတယ်။ ကြံသီးနှံက အရင်းအနှီးကလည်း နည်းတော့ စိုက်ပျိုးစရိတ် အကုန်အကျအများကြီး သက်သာပါတယ်။ ယခု ကျွန်တော် နှစ်ဧက စိုက်ပျိုးထားပါတယ်။ ကျွန်တော့် ကြံခင်းဆိုရင် ပျိုးပင်အတွက် ကုန်ကျမှုမရှိဘဲ ခုတ်ရောင်းမယ်ဆိုရင် သိန်း ၃၀လောက် အမြတ်ရရှိမှာ ဖြစ်ပါတယ်။ ရောင်းတဲ့အချိန်ကျရင်လည်း မြို့ပေါ်ကို သွားရောင်းစရာ မလိုပါဘူး။ လက်လီရောင်းချတဲ့ ဈေးသည်တွေက စိုက်ခင်းအရောက် လာရောက်ဝယ်ယူပါတယ်။ ကြံခင်းကို ခုတ်ရောင်းပြီးရင်လည်း ကြံငုတ်ကနေထွက်လာတဲ့ ကြံအတက်တွေက ပျိုးပင်အဖြစ် တစ်ပင်ကို ငွေကျပ် ၅၀၀၊ ၆၀၀လောက်နဲ့ တစ်ခါပြန်ရောင်းရလို့ ကြံသီးနှံဟာ နှစ်သီးစားဝင်ငွေရရှိပါတယ်။ ဒါကြောင့် ကြံသီးနှံဟာစိုက်ပျိုးစရိတ် အရင်းအနှီးနည်းပြီး အကျိုးအမြတ်များလို့ အရမ်းအဆင်ပြေတယ်။ ဒေသခံတောင်သူတွေအနေနဲ့ကလည်း ကြံသီးနှံကို တွဲဖက်စိုက်ပျိုးသင့်ပါတယ်”ဟု ကျည်တောင်ကန်ကျေးရွာမှ စိုက်ပျိုးရေးတောင်သူ ဦးဇော်မင်းက ပြောသည်။

ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများသည် စိုက်ပျိုးရေပေါကြွယ်ဝမှုရှိခြင်းကြောင့် တောင်သူများက ဆန်စပါးအပြင် မြေပဲ၊ နေကြာ၊ ပြောင်းဖူး၊ ငရုတ်၊ မတ်ပဲ၊ပဲတီစိမ်း၊ကုလားပဲ၊ ကြက်သွန်၊ ခရမ်းချဉ်၊ အခြားဟင်းသီးဟင်းရွက်သီးနှံမျိုးစုံနှင့် ဘုရားပန်းများဖြစ်သည့် သပြေပန်း၊ မေမြို့ပန်းများကိုလည်း စီးပွား ဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း နှင့် အချို့တောင်သူများက တစ်ပိုင်တစ်နိုင် ကြံသီးနှံကို တွဲဖက်စိုက်ပျိုးလုပ်ကိုင်ကြပြီး အောင်မြင်ဖြစ်ထွန်းမှုရှိ၍ လုပ်ငန်းအဆင်ပြေ ဝင်ငွေတိုးပွားလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**



➤ ပုပ္ပားတောင်မကြီးမှ

သတ်မှတ်အမှိုက်ခြင်းများအတွင်း စွန့်ပစ်ကြဖို့ကိုလည်း ပုပ္ပားတောင်အမျိုးသားဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိသလို ပရဟိတအသင်းများ၊ သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူ စေတနာ့ဝန်ထမ်းများကလည်း တောင်တက်လမ်းတစ်လျှောက် အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာပြည်အရပ်ရပ်မှ တောင်တက်သူများသည် အမြင့်ပေ ၄၃၀၀ ခန့်ရှိ နွားလပို့(ဗိုဘ့်)တောင်၊ အမြင့်ပေ ၄၆၀၀ ခန့်ရှိ ဆေးမွှန်တောင်၊ ၄၇၅၅ ပေရှိ စပါးပုံတောင်နှင့် ပုပ္ပားတောင်၏ အမြင့်ဆုံးတောင်ထိပ်ဖြစ်သည့် ၄၉၈၁ ပေရှိ မှန်ပြတောင်များသို့ တက်ရောက်ကြပြီး စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုရိုက်ကူးခြင်းများဖြင့် လှုမှုကွန်ရက် စာမျက်နှာတို့တွင် ဖော်ပြလျက် မိမိတို့ မြန်မာပြည်အလယ်ပိုင်းရှိ ပုပ္ပားတောင်မကြီးအား တက်ရောက်နိုင်ခဲ့ကြောင်း ဖော်ပြလျက်ရှိသည်ကို တွေ့ရှိနိုင်ပေသည်။ (၄၈၁)

❖ စာမျက်နှာ ၂၄ မှ

ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စင်ကာပူအသင်းနှင့် နှစ်ကျော့ယှဉ်ပြိုင်ကစားကြရာ နှစ်ကျော့စလုံး အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ ထိုက်ထိုက်တန်တန် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်အသင်းသည် အရှေ့တောင်အာရှချန်ပီယံရှစ်(မစ်ဆူဘီရှိအီလက်ထရစ်ဖလား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းနှင့် ထိုင်းအသင်းတို့ နှစ်သင်းထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (NGB)

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉)အနိုင်၊ အရှုံး (NGB)**

| | | |
|---|---|---|
| လက်စတာ | ၀ - ၂ | မန်စီးတီး |
| ပဲလေ့စ် | ၂ - ၁ | ဆောက်သမ်တန် |
| အဲဗာတန် | ၀ - ၂ | နော်တင်ဟမ် |
| ဖူလ်ဟမ် | ၂ - ၂ | ဘုန်းမောက် |
| ဝေါ | ၂ - ၂ | ဝုဖ် |

**အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၄)အနိုင်၊ အရှုံး (NGB)**

| | | |
|---|---|---|
| နော့ဝစ်ချ် | ၁ - ၁ | QPR |
| ပရက်စတန် | ၃ - ၁ | ရှက်ဖီးလ် Wed |
| ရှက်ဖီးလ် Utd | ၁ - ၁ | ဝက်စ်ဘရွန်း |
| ဘလက်ဘန်း | ၀ - ၁ | ဟားလ်စီးတီး |
| ဘရစ္စတိုး | ၃ - ၀ | ပို့စ်မောက် |
| ကိုဗင်ထရီ | ၀ - ၀ | မီဝေါလ် |
| အောက်စ်ဖို့ဒ် | ၂ - ၀ | ပလိုင်းမောက် |
| စတုတ် | ၁ - ၀ | ဆန်းဒါးလန်း |
| ဆွမ်ဆီး | ၂ - ၁ | လူတန်တောင်း |
| ဝက်စပို့ဒ် | ၁ - ၂ | ကာဒစ်ဖ် |

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈)အနိုင်၊ အရှုံး (NGB)**

| | | |
|---|---|---|
| အူဒီးနီးစ် | ၂ - ၂ | တိုရီနို |
| နာပိုလီ | ၁ - ၀ | ဗင်းနစ်ဇီးယား |

## အစ္စရေးက ယီမင်လေဆိပ်ကို လေကြောင်းတိုက်ခိုက်စဉ် ဒဗလျူအိတ်ချ်အိုညွှန်ချုပ် ပွတ်ကာသီကာလွတ်မြောက်လာ

**ဗီယင်နာ ဒီဇင်ဘာ ၂၉**



မကြာသေးမီက ယီမင်လေဆိပ်ကို အစ္စရေးတို့ လေကြောင်းတိုက်ခိုက်စဉ် ဒဗလျူအိတ်ချ်အိုဟု အတိုကောက်ခေါ်ဝေါ်သော ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် တေဒရော့စ်အဒါနွမ်ဂေဘရေယေဆပ် သေဘေးမှပွတ်ကာသီကာ လွတ်မြောက်လာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယီမင်နိုင်ငံ ဆာနာမြို့တော်လေဆိပ်သို့ ၄င်းရောက်ရှိကာ စီးရမည့်လေယာဉ်ကို စောင့်ဆိုင်းနေစဉ်အခိုက်အတန့်တွင် အစ္စရေးဒုံးလက်နက်များ ထိုလေဆိပ်ရှိ ပစ်မှတ်များကို ထိမှန်ခဲ့ခြင်းဖြစ်သည်။

လေဆိပ်ရှိ ခရီးသည်များ မည်သည့်ဘက်သို့ရှောင်တိမ်းရမည်မသိဘဲ ဟိုမှသည်ပြေးလွှားကာ ယောက်ယက်ခတ်နေခဲ့ကြကြောင်း တေဒရော့စ်အဒါနွမ်ဂေဘရေယေဆပ်က ထုတ်ဖော်ပြောကြားသည်။

ထိုလေဆိပ်ရှိ ဟူသီသူပုန်များနှင့် အီရန်တို့အသုံးပြုနေကြသော အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ ကုလသမဂ္ဂမှတာဝန်ရှိသူများ ထိုလေဆိပ်ထဲတွင်ရှိနေသည်ကို မိမိတို့မသိရှိခဲ့ကြောင်း အစ္စရေးဘက်က အတည်ပြုကြေညာသည်။

ယင်းလေကြောင်းတိုက်ခိုက်မှုဖြစ်ပွားစဉ် ကုလသမဂ္ဂဝန်ထမ်းများက တေဒရော့စ်အဒါနွမ်ဂေဘရေယေဆပ် ဘေးကင်းလုံခြုံစေရန် ဝိုင်းဝန်းစောင့်ရှောက်ကူညီပေးခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အဇာဘိုင်ဂျန်လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ သေဆုံးသူများ၏မိသားစုများကို ရုရှားသမ္မတ တောင်းပန်

**မော်စကို ဒီဇင်ဘာ ၂၉**

ဒီဇင်ဘာ ၂၅ ရက်က ဖြစ်ပွားသော အဇာဘိုင်ဂျန်လေယာဉ် ပျက်ကျမှုနှင့်ပတ်သက်၍ သေဆုံးသူများ၏ မိသားစုများကို ဒီဇင်ဘာ ၂၈ ရက်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က ဝမ်းနည်းကြောင်းပြောကြားပြီး တောင်းပန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လူပေါင်း ၆၇ ဦး စီးနင်းလိုက်ပါလာသော ထိုခရီးသည်တင်လေယာဉ် နှစ်ပိုင်းပြတ်ပြီး ပျက်ကျ ခဲ့ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာက အသေးစိတ်စုံစမ်းစစ်ဆေးပြီးနောက် ရုရှားလေကြောင်းရန် ကာကွယ်ရေးစနစ်က ထိုလေယာဉ်ကို ပစ်ချမိခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

ထိုသို့တွေ့ရှိသည်နှင့်တစ်ပြိုင်နက် ရုရှားသမ္မတ ဗလာဒီမာပူတင်က အဇာဘိုင်ဂျန်သမ္မတ အီလ်ဟမ်အလီယက်ဗ်ကို တယ်လီဖုန်းဖြင့်ဆက်သွယ်ကာ သေဆုံးသူများအတွက် ဝမ်းနည်းကြောင်း အသိပေးပြောကြားခဲ့သည်။

ထိုလေယာဉ်သည် အဇာဘိုင်ဂျန် ဘာကူးမြို့တော်မှ ရုရှားနိုင်ငံ ချေချင်းညာပြည်နယ် ဂရော့ဇနီမြို့တော်သို့ ဦးတည်ပျံသန်းလာစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်စဉ် လေယာဉ်အမြီးပိုင်း၌ စီးနင်းလိုက်ပါလာသူအများစု အသက်ရှင်ခဲ့ကြောင်း သိရသည်။ **Mon**





## ပါကစ္စတန်လေကြောင်းတိုက်ခိုက်မှုကို လက်တုံ့ပြန်ကာ အာဖဂန်နစ္စတန်က နယ်စပ်ပစ်မှတ်များကို တိုက်ခိုက်

**ကဘူးလ် ဒီဇင်ဘာ ၂၉**

ပါကစ္စတန်လေကြောင်းတိုက်ခိုက်မှုကို လက်တုံ့ပြန်သောအားဖြင့် အာဖဂန်နစ္စတန်က နယ်စပ်ပစ်မှတ်များကို ဒီဇင်ဘာ ၂၈ ရက်က တိုက်ခိုက်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်လေယာဉ်များက မိမိတို့နယ်နိမိတ်ထဲအထိ ကျူးကျော်ဝင်ရောက်ကာ ပစ်ခတ်ခဲ့ကြသဖြင့် ထိုသို့လက်တုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန် ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုကြေညာသည်။

နှစ်နိုင်ငံ ဖြစ်နိုင်ခြေနယ်နိမိတ်မျဉ်းကိုကျော်လွန်ပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ထိုအတည်ပြုကြေညာချက်တွင် ဖော်ပြထားသည်။

မိမိတို့ကိုတိုက်ခိုက်ရာတွင် အားပေးကူညီခဲ့သည်ဟု ယူဆရသူများ ခိုအောင်းနေဖွယ်ရှိသော အရှေ့တောင်ပိုင်းပစ်မှတ်များကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟုလည်း ဆက်လက်ဖော်ပြသည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နှစ်နိုင်ငံအကြားရှိ ဖြစ်နိုင်ခြေနယ်နိမိတ်မျဉ်းကို ဗြိတိသျှတို့ ရေးဆွဲပေးခဲ့ခြင်းဖြစ်ပြီး ယနေ့ထက်တိုင် နှစ်နိုင်ငံနယ်ခြားနယ်နိမိတ်အတိအကျကို တရားဝင်အတည်မပြုရသေးကြောင်း သိရသည်။

**Mon**



## စီချွမ်ပြည်နယ်ကို အစွဲပြုမှည့်ခေါ်ထားသောသင်္ဘောကြီး ကမ္ဘာပေါ်တွင် အကြီးဆုံးတိုက်ခိုက်ရေးရေယာဉ်ဖြစ်

**ပေကျင်း ဒီဇင်ဘာ ၂၉**

ယမန်နေ့က တရုတ်နိုင်ငံ ရှန်ဟိုင်းသင်္ဘောကျင်း၌ ရေချတပ်တော်ဝင်ခဲ့သည့် စီချွမ်ပြည်နယ်ကို အစွဲပြုမှည့်ခေါ်ထားသော သင်္ဘောကြီးသည် ကမ္ဘာပေါ်တွင် အရွယ်အစားအကြီးမားဆုံး ရေတပ်တိုက်ခိုက်ရေးစစ်သင်္ဘောကြီးဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လျှပ်စစ်သံလိုက် တိုက်လေယာဉ်ထိန်းချုပ်ရေးစနစ်ကို အသုံးပြုနိုင်ရန် စီချွမ်သင်္ဘောကြီးပေါ်တွင်တပ်ဆင်ထားသဖြင့် ကြည်း၊ ရေ၊ လေ တစ်ပြိုင်တည်း စစ်ဆင်တိုက်ခိုက်စေနိုင်မည်ဟု ဆိုသည်။

၄င်းသည် အမေရိကန်ရေတပ်တွင် လက်ရှိသုံးနေသော ယူအက်စ်အက်စ်ဂျီရားလ်အာဖို့ဒ် လေယာဉ်တင်သင်္ဘောကြီးနှင့် နည်းပညာချင်းယှဉ်ပြိုင်နိုင်မည့် သင်္ဘောဖြစ်ကြောင်း သိရသည်။ **Mon**



အမေရိကန်ပြည်ထောင်စု အရှေ့တောင်ပိုင်းတွင် ဒီဇင်ဘာ ၂၈ ရက်က လေဆင်နှာမောင်း တိုက်ခတ်သဖြင့် လူနေအိမ်များ ပျက်စီးသွားသည်ကို တွေ့ရစဉ်။ **Mon**

## တောင်ကိုရီးယားလေယာဉ်ပျက်ကျမှု သေဆုံးသူ ၁၇၉ ဦး ရှိလာ

**ဆိုးလ် ဒီဇင်ဘာ ၂၉**

တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်းလေဆိပ်၌ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူဦးရေမှာ ၁၇၉ ဦး ရှိလာပြီဟု မီးသတ်အာဏာပိုင်များက ပြောသည်။ အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် ၁၇၅ ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦး လိုက်ပါလာကြောင်း အစိုးရအရာရှိများက ပြောသည်။

တောင်ကိုရီးယား တန်ဖိုးနည်းလေကြောင်းလိုင်းဖြစ်သည့် ဂျယ်ဂျူလေကြောင်းလိုင်းမှ အဆိုပါလေယာဉ်သည် ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီကမူအန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်စဉ် ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပေါ်ရှိ ခရီးသည် ၁၇၃ ဦးမှာ တောင်ကိုရီးယားနိုင်ငံသားများဖြစ်ပြီး နှစ်ဦးမှာ ထိုင်းနိုင်ငံသားဖြစ်သည်ဟု သိရသည်။

လေယာဉ်၏အဆင်းဂီယာမှာ အလုပ်မလုပ်သည့်အတွက် လေယာဉ်မှူးများသည် ဝမ်းဗိုက်ပိုင်းဖြင့် ဆင်းသက်ရန်ကြိုးပမ်းခဲ့ကြသည်။ ငှက်များကို ဝင်တိုက်မိခြင်းကြောင့်လည်း လေယာဉ်မတော်တဆမှုဖြစ်ရပ် ဖြစ်ပွားရခြင်းဖြစ်နိုင်ကြောင်း အာဏာပိုင်များက ပြောသည်။

ဂျယ်ဂျူလေကြောင်းလိုင်းမှ စီအီးအို ကင်အီဘေးကလည်း လေယာဉ်ပျက်ကျမှုအတွက် သတင်းစာရှင်းလင်းပွဲတွင် တောင်းပန်ခဲ့သည်။ ခရီးသည်များနှင့် ကျန်ရစ်သူမိသားစုဝင်များအတွက် အလေးနက်ထား တောင်းပန်ကြောင်း ကင်အီဘေးက ပြောသည်။

ယခုအချိန်တွင် လေယာဉ်ပျက်ကျမှုဖြစ်ပွားရသည့်အကြောင်းရင်းကို ခန့်မှန်းရန်ခက်ခဲကြောင်းနှင့် အစိုးရ၏ စုံစမ်းစစ်ဆေးမှု တွေ့ရှိချက်များကို စောင့်ဆိုင်းရန်လိုအပ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။ ခရီးသည်များ၏ မိသားစုများကို ပံ့ပိုးမှုများ ပေးသွားမည်ဟုလည်း



၄င်းက ဆက်လက်ပြောကြားသည်။

လေယာဉ်မတော်တဆမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို အစိုးရနှင့်ပူးပေါင်းကာ အစွမ်းကုန်စုံစမ်းသွားမည်ဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကလော ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံးခွဲ (အောင်ပန်း)မှ ဦးဆောင်ကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၆၃၀ ဦးခန့် တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် ဟဲဟိုးမြို့ အုပ်ချုပ်ရေးမှူး ဦးဇော်မိုးက ကိုယ်ကျင့်တရားကောင်းမွန်အောင် နေထိုင်နည်းများအားလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ရုံးခွဲ(အောင်ပန်း)မှ စစ်ဆေးရေးမှူး ဦးဇာဏီထွန်းက ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့်ပတ်သက်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များအားလည်းကောင်း၊ ဟဲဟိုးမြို့နယ် မြေခံစခန်းနယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် သန်းထိုက်ဦးက မူခင်းဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များအားလည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့စိတ် ဟဲဟိုးမှ ရဲတပ်ကြပ် အုန်းဖေက ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရေးနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာများအား အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





## သရက်မြို့၌ စည်ပင်သာယာဈေး မီးဘေးလုံခြုံရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**သရက် ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့ စည်ပင်သာယာဈေး မီးဘေးလုံခြုံရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲက မြို့မဈေးကြီးရှေ့နှင့် ဈေးအတွင်း ဆန်တန်းရုံရှေ့တွင် ဆောင်ရွက်သည်။

အဆိုပါမီးဘေးလုံခြုံရေးနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့် အစီအမံများနှင့် မီးသတ်ဆေးဘူးအသုံးပြုပုံတို့ကို ရှင်းလင်းပြသပေးခဲ့ပြီး မီးငြိမ်းသတ်နည်းများကို ဈေးတာဝန်ရှိသူများနှင့် ဈေးသူ၊ ဈေးသားများအား လက်တွေ့ ပါဝင်ဆောင်ရွက်စေပြီး မီးသတ်ကားဖြင့် မီးငြိမ်းသတ်ခြင်းကို သရုပ်ပြသခဲ့ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဈေးကြီးကြပ်ရေးကော်မတီများ၊ ဝန်ထမ်းများ၊ ဈေးသူ၊ဈေးသားများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဇော်ထက်(သရက်)

မော်တော်ယာဉ်နှင့် ဆိုင်ကယ် မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းမပြောရ ။

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan AD Van ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေး မြို့ဟောင်းဘူတာ၌ ရန်ကုန်-မန္တလေးအဆန်ရထားပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုးကိုလည်းကောင်း၊ကျောက်ဆည်မြို့အကျော် စဉ့်ကိုင်ကတ္တားဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးကိုလည်းကောင်း၊ ပလိတ်မြို့ Max ဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးကိုလည်းကောင်း၊ ကျောက်ဆည်မြို့ရှောင်လမ်း ရွှေသိမ်တော်ဘုရားအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Cheng Long Tractor Hand တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် တရားဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၏ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှု စသည်တို့ လျော့ကျလာစေပြီး အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှု ကျဆင်းခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးလုံခြုံစေရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရပ်ကွက်များသို့ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ သတိပြုရမည့်အချက်များကို အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခြင်းကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၆ နာရီက ဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးနှိုးဆော်ရာတွင် နေအိမ်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများ စီစဉ်ဆောင်ရွက်ထားရှိရေး၊ မီးသွေးမီးဖိုဖြင့် ထမင်း၊ဟင်းချက်ပြုတ်ပြီးပါက မီးကြွင်း၊မီးကျန်များအား စနစ်တကျ ငြိမ်းသတ်ထားရှိရန် စသည့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ကြေညာချက်များအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် အသံချဲ့စက်ယာဉ်ဖြင့် လှည့်လည်နှိုးဆော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) (ဝ၅၇)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## စစ်သုံ့ပန်းများကို လည်လှီးသတ်ဖြတ်ခဲ့ကြသည့် ရခိုင်သူပုန် AA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်နှင့်ပတ်သက်၍ မျိုးချစ်မြန်မာ ရဟန်းတော်များသမဂ္ဂ(ရန်ကုန်)၏ သဘောထားထုတ်ပြန်ကြေညာချက်

၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် (၁၃)ရက်
၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၂၈)ရက်၊ စနေနေ့
စာအမှတ်။ ။ ၁၃/ မ မ ရ သ /၂၀၂၄

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် (၁၃၅)မျိုးသော တိုင်းရင်းသားတို့ စည်းစည်းလုံးလုံးဖြင့် အေးအတူပူအမျှ နေထိုင်ခဲ့ကြသော နိုင်ငံဖြစ်သည်။ ယနေ့ လှလှပပတည်ရှိနေသော မြန်မာ့မြေပုံသည်(၁၃၅)မျိုးသော တိုင်းရင်းသားတို့၏ ပိုင်နက်နယ်မြေဖြစ်သည်။ လူမျိုးစုတစ်စုထဲကပိုင်သော နယ်မြေဆိုသည်မှာ တစ်လက်မမျှ မရှိပါ။ လူမျိုးစုအားလုံးပိုင်သော ဘုံဆိုင်နယ်မြေသာဖြစ်သည်။

၂။ ပုဂံခေတ်ရာဇကုမာရကျောက်စာကိုကြည့်လျှင် မြန်မာ့မြေပေါ်တွင် တိုင်းရင်းသားများ စုပေါင်းနေထိုင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ရာဇကုမာရမင်းသားသည်ပင် ဓညဝတီခေါ် ရခိုင်ဒေသကို အုပ်ချုပ်ခဲ့သော နယ်စားမင်းသားတစ်ပါးပင်ဖြစ်သည်။ ထို့ကြောင့် ရာဇကုမာရကျောက်စာသည် ပင်လုံစာချုပ်ထက်နိုင်မာသော “ပြည်ထောင်စု စာချုပ်တစ်ခု” ဖြစ်သည်။ ယင်းပြည်ထောင်စုစာချုပ်ကို ကြည့်လျှင် တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြသည်ကို တွေ့ရပါသည်။

၃။ ယနေ့အချိန်၌ မြန်မာနိုင်ငံသည် ပဋိပက္ခမျိုးစုံ ရင်ဆိုင်လျက်ရှိ၏။ ယင်းသို့ ပဋိပက္ခဖြစ်ရခြင်းမှာ လက်နက်ကိုင်သူပုန်များက စစ်ပွဲများ မဖြစ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ခြင်းကြောင့်ဖြစ်သည်။ ဒေသတွင်းစစ်ပွဲများ ဖြစ်သောအခါ ဒေသခံလူထုသည် အိုးအိမ်ကို စွန့်ပစ်၍ တခြားနေရာသို့ ရွှေ့ပြောင်းနေထိုင်ကြရလေသည်။ AA ကို လက်မခံကြသည့် ရခိုင်လူမျိုးများသည် စစ်ပွဲများကြောင့် အိုးအိမ်ကိုစွန့်ခွာပြီး ရန်ကုန်မြို့တွင် အခြေချနေထိုင်လျက်ရှိကြသည်။ မြန်မာလူမျိုးများကလည်း ရခိုင်တိုင်းရင်းသားများကို ကူညီရိုင်းပင်းလျက်ရှိပါသည်။

၄။ လက်နက်ကိုင်သူပုန်အဖွဲ့ထဲတွင် ရခိုင်သူပုန် AA သည် အယုတ်မာဆုံးအဖွဲ့ဖြစ်သည်။ ဒေသစစ်ပွဲများ၌ ရခိုင်လူထုကို ငှဲ့ညှာ၍ အလံဖြူထောင်ခဲ့ကြသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး ၎င်းမြေကျင်းထဲသို့ ထည့်၍ လည်လှီးကာ သတ်ဖြတ်ခဲ့ကြသည်။ ထို့အပြင် စစ်သုံ့ပန်းများ လည်လှီးသတ်ဖြတ်မှုကို ဗီဒီယိုရိုက်ကူး၍လည်း အွန်လိုင်းပေါ်လွှင့်တင်ခဲ့ကြသည်။ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများစီးလာသောသင်္ဘောကို ဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့် ကလေးများကိုလည်း သတ်ဖြတ်ခဲ့ကြသည်။ AA ၏ လုပ်ရပ်သည် ဂျနီဗာကွန်ဗင်းရှင်း၏ စည်းမျဉ်းစည်းကမ်းကို ဖောက်ဖျက်သည့်အတွက် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းပင်ဖြစ်သည်။

၅။ ဂျနီဗာကွန်ဗင်းရှင်းကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ကာ စစ်ရာဇဝတ်မှုကို ကျူးလွန်နေသော ရခိုင်သူပုန် AA အကြမ်းဖက်အဖွဲ့ကို နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များ၊ ဘာသာရေးခေါင်းဆောင်များမှ အသီးသီးပိုင်းဝန်း၍ ဆန့်ကျင်ကန့်ကွက်ရှုတ်ချသင့်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကလည်း အေးချမ်းစွာနေလိုသော ရဟန်းရှင်လူပြည်သူတို့အား ထိုသို့သော လက်နက်ကိုင်သူပုန်အဖွဲ့၏နှောင့်ယှက်မှုမှ အကာအကွယ်ပေးနိုင်ဖို့ အမြန်ဆုံးဆောင်ရွက်သင့်ပါသည်။

၆။ မြန်မာနိုင်ငံကို စစ်နွံထဲ နစ်သထက်နစ်အောင် လုပ်ကိုင်ဆောင်ရွက်နေသော အကြမ်းဖက်အဖွဲ့အစည်းများအား လည်းကောင်း၊ မြန်မာနိုင်ငံမှ ခွဲထွက်ကာ ရခိုင်နိုင်ငံထူထောင်ဖို့ ကြိုးစားနေသော ဒေသခံလူတချို့အားလည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှု မရှိဘဲ စစ်ရာဇဝတ်မှုကျူးလွန်နေသည့်ရခိုင်သူပုန် AA အဖွဲ့၏ လူမဆန်သည့်လုပ်ရပ်အားလည်းကောင်း မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်)မှ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားကြေညာချက်ထုတ်ပြန်လိုက်သည်။

မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်)

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဒီဇင်ဘာ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈) ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၆-၁-၂၀၂၅ ရက်မှ ၁၄-၂-၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေး ဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

လူမှုဝန်ထမ်းဦးစီးဌာန

# နိုင်ငံတကာ အားကစား သတင်းများ

## ဂျွန်ဒူရမ်အား ယူရို သန်း ၆၀ဖြင့် ပီအက်စ်ဂျီအသင်း ကမ်းလှမ်း

**ပါရီ ဒီဇင်ဘာ ၃၀**

ပြင်သစ်လီဂူးကလပ် ပီအက်စ်ဂျီအသင်းသည် အက်စတွန်ဗီလာအသင်းတိုက်စစ်မှူး ဂျွန်ဒူရမ်အား ယူရို သန်း ၆၀ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၄ပွဲကစားပြီး ဂိုး ၂၀ထိ သွင်းယူကာ ခြေစွမ်းပြထားသည်။



အက်စတွန်ဗီလာအသင်းကလည်း ဂျွန်ဒူရမ်အတွက် ပီအက်စ်ဂျီအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံဆွေးနွေးသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် လာမည့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် အက်စတွန်ဗီလာအသင်းထံမှ ဂျွန်ဒူရမ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ) (NGB)



## ဖာဘီယန်စကီး ဦးခေါင်းဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ် ရှိ

**လန်ဒန် ဒီဇင်ဘာ ၂၉**

ဝက်စ်ဟမ်းအသင်း ဂိုးသမား ဖာဘီယန်စကီး ဦးခေါင်းဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ဂိုးသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းက ဆောက်သမ်တန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပြိုင်ဘက်အသင်း နောက်ခံကစားသမား နသန်ဝုဒ်၏ တံတောင်နဲ့ ထိခိုက်မိပြီး ဦးခေါင်းဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ဂိုးသမား ဖာဘီယန်စကီး ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဝက်စ်ဟမ်းအသင်းအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။ **(အပေါ်ပုံ)**

အသက်(၃၉)နှစ်အရွယ်ရှိ ဂိုးသမား ဖာဘီယန်စကီးသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၀၃ပွဲကစားပြီး လက်စွမ်းပြထားသည်။

(NGB)

## နည်းပြ ရူအီဘော်ဂတ်စ်အား နည်းပြသစ်အဖြစ် စပို့တင်းလစ္စဘွန်းအသင်း ခန့်အပ်

**လန်ဒန် ဒီဇင်ဘာ ၂၉**

စပို့တင်းလစ္စဘွန်းအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ရူအီဘော်ဂတ်စ်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

နည်းပြ ရူအီဘော်ဂတ်စ်သည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ၂၀၂၆ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဗစ်တိုးရီးယားဂီမာရေစ်၊ Mafra စသည့်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် စပို့တင်းလစ္စဘွန်းအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အသက်(၄၃)နှစ်အရွယ်ရှိ နည်းပြ ရူအီဘော်ဂတ်စ်က "ကျွန်တော် အခုလို စပို့တင်းလစ္စဘွန်းအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းကို အောင်မြင်မှုများ ရရှိအောင် အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။



(အပေါ်ပုံ) (NGB)

## ၂၀၂၅ခုနှစ်မှာ သွင်းဂိုးနှုန်း ပိုမိုတိုးတက်အောင် အစွမ်းကုန်ကြိုးစားသွားမည်ဟု ယာမယ်လ်ပြောကြား




**ဘာစီလိုနာ ဒီဇင်ဘာ ၂၉**

ဘာစီလိုနာအသင်း တောင်ပံကစားသမား ယာမယ်လ်က မိမိအနေဖြင့် လာမည့် ၂၀၂၅ခုနှစ်မှာ သွင်းဂိုးနှုန်း ပိုမိုတိုးတက်အောင် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ယခုနှစ်ဘောလုံးရာသီ ၂၀၂၄ခုနှစ်အတွင်းပြိုင်ပွဲစုံ ၂၁ပွဲကစားပြီး သွင်းဂိုး ၆ဂိုး သွင်းယူထားသည်။ **(အပေါ်ပုံ)**

ထို့ပြင် တောင်ပံကစားသမား ယာမယ်လ်သည် 2024 Globe Soccer Awards ဆုပေးပွဲ၏ အထွန်းတောက်ဆုံး လူငယ်ကစားသမားဆု၊ 2024 Ballon d'or ဆုပေးပွဲတွင်လည်း အကောင်းဆုံးလူငယ်ကစားသမားဆုများအပြင် အခြားဆုပေါင်းများစွာကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

အသက်(၁၇)နှစ်အရွယ်ရှိ ယာမယ်လ်က "ကျွန်တော် ၂၀၂၅ခုနှစ်မှာ သွင်းဂိုးနှုန်း ပိုမိုတိုးတက်အောင် အစွမ်းကုန်ကြိုးစားသွားမှာပါ။ ပွဲစဉ်တိုင်းကိုလည်း ဂိုးသွင်းယူသွားချင်ပါတယ်။ ပြီးတော့ အသင်းနှင့်အတူ ဆုဖလားပေါင်းများစွာလည်း ရယူသိမ်းပိုက်သွားချင်ပါသေးတယ်"ဟု ပြောသည်။ (NGB)

## အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၉) နိုင်ကမ္ဘာ

(၁၉) **အစ်ဆွစ်ချ် - ချဲလ်ဆီး** (၃)

**ဒီဇင်ဘာ ၃၁ ရက်(အင်္ဂါနေ့) နံနက် ၀၂:၁၅ နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၁၉၉၄-၉၅ | အစ်ဆွစ်ချ် | ၂-၂ | ချဲလ်ဆီး | ၂-၀ | အစ်ဆွစ်ချ် |
| ၂၀၀၀-၀၁ | ။ | ၂-၂ | ။ | ၄-၁ | ။ |
| ၂၀၀၁-၀၂ | ။ | ၀-၀ | ။ | ၂-၁ | ။ |

**နှစ်သင်း၏ အိမ်ကွင်း-အဝေးကွင်း ရလဒ်**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|
| အစ်ဆွစ်ချ်(အိမ်ကွင်း) | ၉ | - | ၄ | ၅ | ၆ | ၁၆ |
| ချဲလ်ဆီး(အဝေးကွင်း) | ၉ | ၆ | ၂ | ၁ | ၂၃ | ၁၀ |

ချဲလ်ဆီးတို့ အဝေးကွင်းပင်ဖြစ်သော်လည်း အိမ်ရှင် အစ်ဆွစ်ချ်ကို အနိုင်ရဦးမည့်ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်**

အစ်ဆွစ်ချ်-ရှုံး၊ရှုံး၊နိုင်၊ရှုံး၊ရှုံး ချဲလ်ဆီး-နိုင်၊နိုင်၊နိုင်၊သရေ၊ရှုံး

(၁၄) **မန်ယူ - နယူးကာဆယ်** (၅)

**ဒီဇင်ဘာ ၃၁ ရက်(အင်္ဂါနေ့) နံနက် ၀၂:၃၀ နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၂၀၂၁-၂၂ | မန်ယူ | ၄-၁ | နယူးကာဆယ် | ၁-၁ | မန်ယူ |
| ၂၀၂၂-၂၃ | ။ | ၀-၀ | ။ | ၂-၀ | ။ |
| ၂၀၂၃-၂၄ | ။ | ၃-၂ | ။ | ၁-၀ | ။ |

**နှစ်သင်း၏ အိမ်ကွင်း-အဝေးကွင်း ရလဒ်**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|
| မန်ယူ(အိမ်ကွင်း) | ၉ | ၄ | ၁ | ၄ | ၁၃ | ၁၄ |
| နယူးကာဆယ်(အဝေးကွင်း) | | ၉ | ၃ | ၃ | ၃ | ၁၅ |

၁၃

မန်ယူ၏ လက်ရှိခြေစွမ်းအရ သရေကျရန် ရာခိုင်နှုန်းများနေပြီး မန်ယူနိုင်ပါကလည်း ကပ်နိုင်မည့်ပွဲမျိုး ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်**

မန်ယူ-ရှုံး၊ရှုံး၊နိုင်၊ရှုံး၊ရှုံး နယူးကာဆယ်-သရေ၊ရှုံး၊နိုင်၊နိုင်၊နိုင်

## အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၃၁-၁၂-၂၀၂၄ နံနက်၀၂:၁၅နာရီ | (၉)ဖူလာ - ဘရိုက်တန်(၁၀) (W,W,L,W,L) (L,D,L,D,D) | ဖူလာ ၆-၁ ဘရိုက်တန် | ဖူလာ(အိမ်) | ၉ | ၅ | ၃ | ၁ | ၁၅ | ၁၀ |
| | | ဘရိုက်တန် ၁-၀ ဖူလာ | ဘရိုက်တန်(ဝေး) | ၉ | ၃ | ၃ | ၃ | ၁၄ | ၁၄ |

## အရှေ့တောင်အာရှ ချန်ပီယံရှစ် (မစ်ဆူဘီရှီ အီလက်ထရစ်ဖလား) ဘောလုံးပြိုင်ပွဲ (ဆီးမီးဖိုင်နယ်) (ဒု-ကျော့)ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|
| ၃၀-၁၂-၂၀၂၄ တနင်္လာနေ့ | ည ၇:၃၀ နာရီ | ထိုင်း - ဖိလစ်ပိုင် | ဖိလစ်ပိုင် ၂-၁ ထိုင်း |

## အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၃၁-၁၂-၂၀၂၄ နံနက်၁၁:၀၀နာရီ | (၁၆)ကိုမို - လက်ချီ(၁၄) (L,D,D,W,L) (W,D,L,W,L) | ကိုမို ၁-၁ လက်ချီ | ကိုမို(အိမ်) | ၇ | ၂ | ၃ | ၂ | ၁၀ | ၁၃ |
| | | လက်ချီ ၁-၁ ကိုမို | လက်ချီ(ဝေး) | ၈ | ၁ | ၁ | ၆ | ၂ | ၁၂ |
| ၃၁-၁၂-၂၀၂၄ နံနက်၀၂:၁၅နာရီ | (၇)ဘိုလော့ညာ - ဗီရိုနာ(၁၇) (L,W,D,W,W) (L,L,L,W,L) | ဘိုလော့ညာ ၂-၀ ဗီရိုနာ | ဘိုလော့ညာ(အိမ်) | ၇ | ၃ | ၄ | - | ၈ | ၃ |
| | | ဗီရိုနာ ၀-၀ ဘိုလော့ညာ | ဗီရိုနာ(ဝေး) | ၈ | ၂ | - | ၆ | ၁၀ | ၁၈ |

## လုခ်ရှောအား ခေါ်ယူရန် နာပိုလီအသင်း စိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၂၉**

နာပိုလီအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း နောက်ခံကစားသမား လုခ်ရှောအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၄-၂၀၁၅မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇၈ပွဲကစားပြီး ၄ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နာပိုလီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား လုခ်ရှောကိုယ်တိုင်ကလည်း မန်ချက်စတာယူနိုက်တက်အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။ **(ယာပုံ)**



ထို့ကြောင့် နာပိုလီအသင်းအနေဖြင့် မန်ချက်စတာယူနိုက်တက်အသင်းထံမှ လုခ်ရှောအား ခေါ်ယူနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(NGB)

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝန်ထမ်းထူးချွန်ဆု၊ သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝန်ထမ်းထူးချွန်ဆု၊ သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်ချီးမြှင့်သည်။






အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ၎င်းတို့၏ ဇနီးများ၊ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ၊ ဆုရဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် "၁၉၉၈ ခုနှစ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အမိန့်အမှတ် ၁၀/၉၂ ဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဖြစ် အမည်ပြောင်းလဲပေးခဲ့သည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏(၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပါကြောင်း" မြန်မာနိုင်ငံ၏ ဒုတိယမြို့တော် မန္တလေးမြို့တော်ကြီးသည် မြို့တည်နန်းတည်သက်တမ်းနှစ်(၁၆၀)ကျော်ကြာရှည်ခဲ့ပြီး(၁၈၈၇)မှစတင်ကာ "မြူနီစီပါယ်" ဟူသောအမည်ဖြင့် မြို့တော်၏စည်ပင်သာယာရေးလုပ်ငန်းများကို စတင်ထမ်းဆောင်ခဲ့ရာ ယနေ့ထိဆိုပါက(၁၃၇)နှစ်တိုင် စည်ပင်သာယာလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည့် ဌာနကြီးတစ်ခုဖြစ်ပါကြောင်း။

ကော်မတီ၏ လုပ်ငန်းတာဝန်အဖြစ် "မန္တလေးမြို့တော်သန့်ရှင်းရမည်၊ မန္တလေးမြို့တော် သာယာလှပရမည်၊ မြို့တော်နေလူထု စိတ်ချမ်းသာရမည်" ဟူသော ဦးတည်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး နှစ်အလိုက်တိုးတက်ကောင်းမွန်ရေး တာဝန်ယူခဲ့ကြသည့် အရာထမ်းများ၊ အမှုထမ်းများ အသီးသီးတို့က အထူးကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကိုလည်းတွေ့ရှိရမည်ဖြစ်ပါကြောင်း။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏(၃၂)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကျန်းမာပျော်ရွှင်စုစည်းဆောင်ရွက်နိုင်ကြရန် ဝန်ထမ်းများအား အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ သံဃာတော်အရှင်မြတ်များအား တစ်နေ့တာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းပဒေသာပင် အလှူငွေ စုပေါင်းစိုက်ထူလှူဒါန်းခြင်း၊ အသက်(၇၅)နှစ်အထက် အငြိမ်းစားအရာထမ်း၊ အမှုထမ်း ဝန်ထမ်း(၁၁၄)ဦးတို့အား သက်ကြီးပူဇော်ပွဲ ကျင်းပပေးခြင်း၊ သက်ကြီး(၆၉)ဦးမှ တက်ရောက် ကန်တော့ခံခြင်း၊ ဝန်ထမ်းကောင်းဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ ကော်မတီမှ စေလွှတ်သည့် သင်တန်းများ၌ ထူးချွန်ဆုရ ဌာနဂုဏ်ဆောင် အရာထမ်း၊ အမှုထမ်းများအား ဆုချီးမြှင့်ခြင်း၊ တစ်နှစ်တာအတွင်း ဌာန၏ဝင်ငွေလုပ်ငန်းများကို ထူးချွန်စွာ ကောက်ခံပေးနိုင်သည့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း စသည့်တို့ကို ယနေ့နှစ်ပတ်လည်နေ့တွင် ဂုဏ်ပြုဆုများ ချီးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကော်မတီအနေဖြင့် နှစ်အလိုက် မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် မြို့ပတ်လမ်းပိုင်းများအား နိုင်လွန်ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းပေးခြင်း၊ ပလက်ဖောင်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ဆောင်ရွက်ပေးခြင်း၊ ပန်းခြံများတည်ဆောက်ပေးခြင်း၊ မြို့အဝင်၊ အထွက် သာယာလှပအောင် ဖန်တီးစိုက်ပျိုးဆောင်ရွက်ပေးခြင်း ညပိုင်းတွင် လမ်းမကြီးများ၊ မန္တလေးကျုံးပတ်လည် ၂၆ လမ်း၊ ၆၆ လမ်း၊ ၇၃ လမ်းတစ်လျှောက် မန္တလေးမြို့ရိုးနှင့် ကျုံးအလှမီးထွန်းရေးနှင့် သာယာလှပရေးမီးအလှဆင်ခြင်းများ ဆောင်ရွက်ခြင်း၊ ဇရာဝတီဆိပ်ကမ်းတစ်လျှောက် သာယာလှပအောင် လျှောက်လမ်းများ၊ (၁၁)ပေအကျယ်ပလက်ဖောင်းများ၊ (၇၁၀၀၀)ပေ လက်ရမ်းများ၊ ရေလွှတ်ရင်ပြင်(၁၀၀×၉၀၀)ပေများတည်ဆောက်ပေးခြင်း၊ အဓိကအဆောက်အအုံများဖြစ်သည့် ဘူတာကြီး၊ ဆေးရုံကြီးများအားလုံး ဥပမိရုပ်ကောင်းမွန်စေရေးဖော်ထုတ်၍ လမ်း၊ ပလက်ဖောင်း၊ အဆောက်အအုံများ၊ ပန်းခြံများ၊ အားကစားကွင်းများ တည်ဆောက်ရေး စီစဉ်ပေးခြင်း၊ မြို့လူထု ရေလိုအပ်ချက်ဖြည့်ဆည်းရေး ပြည့်စုံအောင်(၁၂)လက်မ အဝီစိတွင်းများ တူးဖော်ခြင်း၊ ဒုဋ္ဌဝတီမြစ်ရေပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်း၊ ပြည်သူလူထု၏ ရာသီပွဲတော်များဖြစ်သည့် သင်္ကြန်၊ နှစ်သစ်ကူးပွဲ၊ မီးထွန်းပွဲများကိုလည်း ယခင်နှစ်များနှင့် မတူ ခြိမ့်ခြိမ့်သည်းအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဘာသာရေးအဖြစ် နှစ်စဉ်ကဆုန်လပြည့်နေ့တိုင်း သာသနာတော်နှစ်အလိုက်သံဃာတော်(၁၀၂၇၂)ပါးအားဆွမ်း လောင်းလှူနိုင်ရေး ဆောင်ရွက်ခဲ့ခြင်း၊ ထို့အပြင် မြို့တွင်းလမ်းများ၊ မြို့ဝင်လမ်းပိုင်းများ၊ ကျုံးပတ်လည်၊ ရတနာပုံဥယျာဉ်စသည့် ပြည်သူများအပန်းဖြေနိုင်ရေးနှင့် အားကစားပြုလုပ်နိုင်ရေး၊ မန္တလေးမြို့ရောက် ဧည့်သည်များ သာယာလှပသည့် မန္တလေးမြို့ရိုး၊ ကျုံး၊ မန္တလေးတောင်နှင့် ပတ်ဝန်းကျင်သာယာလှပရေးစသည့်တို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။ နိဂုံးချုပ်အနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာလှပရေးကော်မတီ ဝန်ထမ်းများအားလုံး ညီညီညွတ်ညွတ်ဖြင့် မန္တလေးမြို့တော်ကြီးအား ယခင်နှစ်ထက်ပိုမို၍ သန့်ရှင်းသာယာလှပရေး၊ လူထုစိတ်ချမ်းမြေ့စွာ နေထိုင်နိုင်ရေး အစွမ်းကုန် စုစည်းကြိုးပမ်းဆောင်ရွက်သွားကြရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည့်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း Video Clip အား ပြသခဲ့ပြီးနောက် တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းတို့က ဌာနအသီးသီးမှ ဝန်ထမ်းကောင်းဆုရရှိသူ(၁၅)ဦးတို့အား လည်းကောင်း၊ အတွင်းရေးမှူး ဦးဝင်းမောင်က ကော်မတီမှ စေလွှတ်သော မြေတိုင်းသင်တန်းကျောင်း(ပြင်ဦးလွင်)၌ မြေတိုင်းသင်တန်းအမှတ်စဉ်(၆၉)တွင် ဒုတိယအဆင့်နှင့် တတိယအဆင့်ရရှိခဲ့သည့် အမှုထမ်း(၂)ဦးနှင့် သင်တန်းအမှတ်စဉ်(၈၀)တွင် ဒုတိယအဆင့်ရရှိခဲ့သည့် အမှုထမ်း(၁)ဦးတို့ကို လည်းကောင်း၊ မြို့တော်ဝန်က အခြေခံ၊ အလယ်အလတ်နှင့် အဆင့်မြင့်မြေတိုင်းသင်တန်းများတွင် ပထမအဆင့်ရရှိခဲ့ကြသည့် အမှုထမ်း(၃)ဦး၊ အထက်မြန်မာပြည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၉၈)တွင် သင်တန်းသူ ပထမဆုရရှိခဲ့သော အမှုထမ်း(၁)ဦး၊ အလယ်အလတ်အဆင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၀)တွင် သင်တန်းသား ပထမဆုရရှိခဲ့သော အရာထမ်း(၁)ဦးနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဌာနအသီးသီးမှ ထူးချွန်စွာ စွမ်းဆောင်နိုင်သည့် ဝန်ထမ်း(၁၃)ဦးအား တစ်ဆင့်မြှင့်ရာထူး တိုးမြှင့်ခန့်အပ်ပေးခြင်းတို့အတွက် ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ထို့နောက် ယာယီနေ့စား

စာမျက်နှာ ၁၃ သို့ ❖






# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စာချ၊ စာသင် ရဟန်းသံဃာတော်တို့အား တစ်နေ့တာ ဆွမ်း(အရုဏ်ဆွမ်း၊ နေ့ဆွမ်း)ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အခမ်းအနားကျင်းပ





**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော်ကြီး အမှူးပြုသော စာချ၊ စာသင် ရဟန်းသံဃာတော် အရှင်မြတ်(၃၇၂)ပါးတို့အား တစ်နေ့တာဆွမ်း(အရုဏ်ဆွမ်း၊ နေ့ဆွမ်း)ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းပဒေသာပင် အလှူငွေ စိုက်ထူလှူဒါန်းခြင်း အလှူတော်မင်္ဂလာရေစက်ချအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။

ရွှေဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ ဆရာတော်ကြီး အမှူးပြုသော စာချ၊ စာသင် ရဟန်းသံဃာတော်အရှင်မြတ်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရေစက်ချအခမ်းအနားကို ကျင်းပရာ ပါမောက္ခချုပ်ဆရာတော်ကြီး အမှူးပြုသော သင်ကြား၊ စီမံဆရာတော်ကြီး (၅)ပါး ကြွရောက်ချီးမြှင့်တော်မူပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြသည်။ ထို့နောက် ပါမောက္ခချုပ်ဆရာတော်ကြီးထံမှ ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို ရိုသေစွာ နာယူကြည်ညိုကြသည်။

ထို့နောက် မြို့တော်ဝန်က ပါမောက္ခချုပ်ဆရာတော်ကြီးထံ သို့လည်းကောင်း၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ၎င်းတို့၏ဇနီးများက ဆရာတော်ကြီးများထံသို့ လည်းကောင်း သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြို့တော်ဝန်က (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းမိသားစုများ၏ ယခုနှစ် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းငွေကျပ် ၆၆၃၈၆၀၀ (ကျပ်ခြောက်ဆယ့်ခြောက်သိန်းသုံးသောင်းရှစ်ထောင်ခြောက်ရာ)ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ညွှန်ကြားရေးမှူး ဦးကျော်ဆွေက လက်ခံရယူပြီး သာဓုအနုမောဒနာခေါ်ဆိုကြပြီးနောက် ပါမောက္ခချုပ်ဆရာတော်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် ပါမောက္ခချုပ်ဆရာတော်ကြီးက ရေစက်ချ အနုမောဒနာတရားဟောကြားချီးမြှင့်ပြီးနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများအနေဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)သို့ ယခင်ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပြီး ငွေမှာ ကျပ် ၃၈၃၁၀၀၀၀(ကျပ်သုံးရာ့ရှစ်ဆယ့်သုံးသိန်းတစ်သောင်း) ဖြစ်ပြီး ယခုနှစ် ထပ်မံစိုက်ထူလှူဒါန်းငွေမှာ ကျပ် ၆၆၃၈၆၀၀(ကျပ်ခြောက်ဆယ့်ခြောက်သိန်းသုံးသောင်းရှစ်ထောင်ခြောက်ရာ) ဖြစ်၍ ဆွမ်းပဒေသာပင်အလှူငွေ စုစုပေါင်းငွေကျပ် ၄၄၉၄၈၆၀၀ (ကျပ်လေးရာလေးဆယ့်ကိုးသိန်းလေးသောင်းရှစ်ထောင်ခြောက်ရာတိတိ)ကို စိုက်ထူလှူဒါန်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

❖ စာမျက်နှာ ၁၂ မှ

ဝန်ထမ်းမှ နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ခဲ့သည့် ဝန်ထမ်း(၃၅)ဦးတို့အား ရာထူးခန့်အပ်အမိန့်များကို အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များကလည်းကောင်း၊ လက်ရှိဌာနတွင် တစ်ဆက်တည်းလုပ်သက်(၃၅)နှစ်နှင့်အထက်ရှိ ဝန်ထမ်း(၁၁)ဦးတို့အား စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတို့မှ ဌာနမှူးများကလည်းကောင်း ဂုဏ်ပြုဆုများ တစ်ဦးချင်း ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်၊ ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆုရရှိသူ အရာထမ်း(၁)ဦးနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပသည့် "မူးယစ်ကင်းကွာ ပပျောက်ဖို့ လူကြီးလူငယ် ကာကွယ်စို့"ဓာတ်ပုံပြိုင်ပွဲ ပထမဆုရရှိသူ အရာထမ်း(၁)ဦးတို့ကိုလည်းကောင်း၊ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် သွေးလှူဒါန်းမှု အကြိမ်(၉၀)နှင့်အထက် သွေးလှူရှင်ဝန်ထမ်း(၄)ဦးနှင့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် စုစုပေါင်းရမှတ် (၅၇)မှတ်ဖြင့် တံခွန်စိုက်ဆုရရှိသည့် စက်ရုံနှင့်မော်တော်ယာဉ်ဌာနအားလည်းကောင်း မြို့တော်ဝန်က ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် ညပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပခဲ့ပြီး တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**








ဝတ္ထုတိုကဏ္ဍ



# သုံး ပုံ ခွဲ ဆေး

## မျိုးဦး

‘ဟာ… ကွာ ငါပြောရဲ့သားနဲ့၊ သေသေချာချာ လုပ်ကြပါလို့၊ အခု စာရင်းတွေလည်းလွဲ ငွေလည်းလွဲကုန်ပြီ၊ မင်းတို့ကွာ’

ဒုန်း …..!

တိတ်ဆိတ်နေသည့် အခန်းအတွင်း ဦးဘရှင်း၏ ဆူငေါက်သံများနှင့်အတူ တစ်ဆက်တည်း စားပွဲမျက်နှာပြင်ကို လက်သီးနှင့်ထိုးနှက်လိုက်သည့်အသံများ ဖြစ်သည်။

ဦးဘရှင်း ဒေါသဖြစ်လွယ်သည်။ ဖြစ်လျှင်လည်း အတော်ဆိုးသည်။ စိတ်လွတ်သွားတတ်သည်။ အခုလည်း နှုတ်ကပြောရင်း လက်သီးချက်ပါ ပါသွားသည်။ ဒေါသစိတ်က အထွတ်အထိပ်ရောက်သွားသည်။ လက်သီးချက် ‘ဒုန်း’ခနဲနှင့် တစ်ဆက်တည်း ဦးဘရှင်းတစ်ယောက် ကုလားထိုင်ပေါ်မှ ‘ဝုန်း’ခနဲ လဲပြိုသွားသည်။

ဦးဘရှင်း သတိပြန်ရချိန်တွင် ဆေးရုံပေါ်ရောက်နေသည်။

‘တော်သေးတာပေါ့ဗျာ။ မသေကောင်း မပျောက်ကောင်း’

လုပ်ငန်းတူ မိတ်ဆွေဖြစ်သူ ဦးမျိုးဦးက လူနာလာမေးရင်း နှစ်သိမ့်စကားဆိုသည်။

‘ဟုတ်တယ်ဗျာ ဒေါသကြီးသွားတယ်’ ဦးဘရှင်း ဝန်ခံစကားဆိုသည်။

‘ဒေါသကြီးသွားတယ်လုပ်နေ၊ ဦးနှောက်သွေးကြောပေါက်ပြီး အသက်အန္တရာယ်ထိသွားမှဖြင့် ခက်ရချည်ရဲ့…’

‘ဟုတ်တယ်… ကံကောင်းတယ်ဆိုရမယ်။ သွေးပေါင် ၁၉၀-၂၀၀ ကျော် သွားတယ်ပြောတယ်။ သွေးစစ်၊ နှလုံးစစ်တော့လည်း သွေးချိုဓာတ်နဲ့ အဆီဓာတ်များနေတယ်တဲ့။ နှလုံးသွေးကြောကျဉ်းလက္ခဏာလည်း တွေ့ရတယ်တဲ့ဗျာ…’

‘အင်း… ကျွန်တော်တို့တတွေ အသက် (၅၀)ကျော်လာပြီလေ။ အလုပ်တွေသာ ဖိလုပ်နေကြတာ။ အစားရှောင်တာ၊ ကျန်းမာရေး လိုက်စားတာတွေ လုပ်မှ မလုပ်ကြဘဲကိုး။ ဒီတော့လည်း ရောဂါဖြစ်စေမယ့် သွေးဓာတ်တွေ တွေ့ပြီပေါ့ဗျာ’

ဦးဘရှင်းက သူ့ဖြစ်စဉ်ကို ပြောပြတော့ ဦးမျိုးဦးက ဖြစ်ရင်းအကြောင်း ပြန်ပြောဆိုသည်။

ဦးဘရှင်းသည် ပဲမျိုးစုံပွဲရုံလုပ်ငန်း လုပ်ကိုင်နေသူဖြစ်သည်။ ငယ်စဉ်က ဆင်းရဲသည်။ မြို့တက်ပြီး ဦးလေး၏ ပွဲရုံတွင် ဝင်ရောက်ကူညီလုပ်ကိုင်ခဲ့သည်။ ထိုမှတစ်ဆင့် ဆယ်တန်းအောင်သည့်အခါ တက္ကသိုလ်ဆက်မတက်တော့ဘဲ ဦးလေး၏ပွဲရုံတွင် အောက်ခြေသိမ်းမှအစ တစိုက်မတ်မတ်လုပ်ကိုင်ခဲ့ပြီးနောက် ပွဲရုံခွဲကာ ကိုယ်ပိုင်ဦးစီးလုပ်ကိုင်လာခဲ့သူ ဖြစ်သည်။

အလုပ်လုပ်ရာတွင် ဇွဲနပဲကြီးသည်။ စနစ်ဇယားကြီးသည်။ ပြောလျှင် ပြောသလိုလုပ်မှ ကြိုက်သည်။ ယခုလည်း သူပြောထားသည့်ကြားမှပင် စာရင်းများလွဲမှားကာ ငွေများလည်း ကွာဟနေသောကြောင့် ဒေါသအိုးပေါက်ကွဲပြီး ဆေးရုံရောက်သည်အထိ ဖြစ်သွားသည်။

ဦးဘရှင်း အသက်ငါးဆယ့်သုံးနှစ်ကျော်လာပြီ။ ခန္ဓာကိုယ်က ဝဝဖိုင့်ဖိုင့်။ ကိုယ်လက်လှုပ်ရှားမှု နည်းသည်။ နေ့စဉ်လမ်းလျှောက်သည်ဆိုသော်လည်း လှုပ်လီလှုပ်လီနဲ့နှင့် ငါးမိနစ်၊ ဆယ်မိနစ်မျှသာ။ အဆီအဆိမ့် အစားများသည်။ ချိုပေ့အီပေ့ဆိုတာတွေ ကြိုက်သည်။ ပန်ကာလေ၊ အဲယားကွန်း အထိအတွေ့တို့နှင့် အနေများသည်။

ဦးလေးထံတွင် အလုပ် လုပ်စဉ်က မသောက်ဖြစ်သော်လည်း ကိုယ်ပိုင်လုပ်ငန်းနှင့် အဆင်ပြေလာတော့ ညနေပိုင်း ဘီယာသောက်ဖြစ်သည်။ စိတ်ပန်းဖြေဆိုသည့် အကြောင်းပြချက်နှင့်။ ဘီယာနှင့်မြည်းတာကလည်း အဆီအဆိမ့်တွေ အများသား။

တစ်ခါတလေ သောက်ရင်ဖြင့် မဆိုသာ။ နေ့စဉ်ရက်ဆက်ဖြစ်လာတော့ ဝမ်းဗိုက်ကြီးက ပူလာသည်။ ‘ဘီယာဗိုက် ဖြစ်လာပြီနော်’ဟု ပြောရင် စိတ်ထဲကျေနပ်မိသလိုလို။ အခုခေတ် ဘီယာသောက်တယ်ဆိုတာက ဟိုက်ဘော့စ်တွေရဲ့ ဖိမ်ခံမှုတစ်မျိုး၊ စတိုင်လ်တစ်မျိုး၊ ယစ်မူးဟန်တစ်မျိုးဟု ယူဆဟန်ရှိရဲ့။ ဒါကိုပဲ ဂုဏ်ယူမိသလိုလို၊ ဘီယာဗိုက်လို့ပြောရင် အလိုလို ဂုဏ်တက်နေမိသည်။

တကယ်တော့ ဘီယာချည်းသောက်လို့ ဗိုက်ပူလာသည်တော့မဟုတ်။ အဆီအဆိမ့်တွေ အစားများတာ၊ အကြော်အလှော်တွေ အစားများတာ၊ လှုပ်ရှားမှု နည်းတာလည်း ပါသည်။ ဒီလိုနှင့် ဝမ်းဗိုက်အတွင်း အဆီတွေစုလာပြီး ဗိုက်စူလာခြင်းဖြစ်သည်။ ဝမ်းချုပ်တတ်သူများဆိုလျှင် ပိုလို့တောင် ဗိုက်စူပါသည်။ တကယ်ဆို ဒီအဆီဓာတ်တွေက ခန္ဓာကိုယ်အတွက် သုံးဖို့ရာ ကယ်လိုရီလောင်စာတွေပါ။ လိုအပ်ရင် သုံးရအောင်ဆိုပြီး ဝမ်းဗိုက်၊ ကြွက်သား၊ အသည်းတွေအတွင်းမှာ ခန္ဓာကိုယ်ယန္တရားနဲ့ ချိတ်ဆက်ပြီး သိုမှီးပေးထားတာ။

သိုမှီးထားတဲ့ အဆီတွေကို သုံးလည်းမသုံး၊ ဖြုန်းလည်းမဖြုန်း၊ ကိုယ့်လုပ်ငန်းနှင့်ကိုယ် နပန်းလုံးနေ။ ကိုယ်လက်လှုပ်ရှား၊ ကာယလေ့ကျင့်ခန်းတွေလုပ်ပြီး ဖြုန်းပစ်၊ လျှော့ပစ်ဖို့ရာလည်း စိတ်မကူးသလို ဘယ်လေ့ကျင့်ခန်းမှလည်း မလုပ်လေတော့ ဦးဘရှင်းကိုယ်ထဲ အဆီဓာတ်တွေ၊ အချိုဓာတ်တွေ တွေ့ရတာ အဆန်းတော့ မဟုတ်ပါ။ ဒီအဆီဓာတ်၊ အချိုဓာတ်တွေကပဲ ဆီးချိုတွေဖြစ်၊ နှလုံးသွေးကြောကျဉ်း၊ နှလုံးသွေးကြောပိတ်၊ ဦးနှောက်သွေးကြောပိတ်တာတွေ ဖြစ်လာတာလေ။

ဦးမျိုးဦးက ဦးဘရှင်း၏ အဖြစ်သနစ်များကို ရှင်းပြသည်။ ဦးမျိုးဦးသည် ကျန်းမာရေးဆေးပညာဗဟုသုတများသလို ကျန်းမာရေးလိုက်စားသည်။ သို့ကြောင့်လည်း ဦးဘရှင်းကို သူသိသမျှ ပြောပြဖြစ်ခြင်း ဖြစ်သည်။

‘ဒီမှာ… ဦးဘရှင်း ခင်ဗျားမှာ သွေးတိုးရှိတယ်ဆိုတာ သိပြီးသား။ အခု ဆီးချိုတွေ၊ အဆီတွေများနေတယ်ဆိုတာလည်း သိလာရပြီ။ ဒီတော့ ခင်ဗျား အစားအသောက်၊ အနေအထိုင်တွေ ဆင်ခြင်ရမယ်။ ဆရာဝန်တွေကလည်း ပြောပြမှာပါ။ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါတွေဆိုတာက Three Brother ညီနောင်သုံးဖော်လို့တောင် ဆိုကြတာ။ တစ်ခုဖြစ်ရင် နောက်တစ်ခုဖြစ်လာဖို့ရာ လွယ်တယ်။ ဆင့်ကဲဆင့်ကဲ ဖြစ်လာတတ်တယ်၊ ဂရုစိုက်ဗျ’

‘လူတိုင်း တစ်နေ့နေ့ တစ်ချိန်ချိန် နာမကျန်းမှုဆိုတာတော့ ကြုံကြရမှာပဲ။ ဒါပေမဲ့ အနာကြီးမနာရအောင်၊ ရောဂါကြီးကြီးမားမား မဖြစ်ရလေအောင်တော့ ကျွန်တော်တို့ ဉာဏ်ကူပြီး စားသောက်နေထိုင်ပြုမူရမယ်လေ၊ အသက်ဉာဏ်စောင့်ဆိုတဲ့ စကားလည်း ရှိတယ်လေ’

‘အခု ခင်ဗျားဆိုရင်လည်း ဒေါသအရှိန်ကြောင့် သွေးဆောင့်တိုးပြီး ဆေးရုံရောက်ရပြီ။ အစားအသောက်တွေကြောင့် အဆီဓာတ်တွေ၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းတာတွေ တွေ့ရပြန်ပြီ။ ဒီတော့ ဆင်ခြင်မှုကို ဖြစ်တော့မှာဗျနော်’

ဦးမျိုးဦး ရှင်းပြ ပြောပြနေသည်များကို ဦးဘရှင်းတစ်ယောက်ခုတင်ပေါ် လဲလျောင်းရင်းမှ နားထောင်လျက်‥

‘အခုလို ပြောပြရှင်းပြတာ ဗဟုသုတရပါတယ်ဗျာ၊ ကျေးဇူးလည်းတင်ပါတယ်ဗျာ၊ ဆင်ခြင်တုံတရားလည်း ဖြစ်မိပါတယ်’

‘ရပါတယ်ဗျာ ဗဟုသုတဆိုတာ ဒီလိုပဲ ဖြန့်ဝေရတာပေါ့ဗျာ၊ ကျွန်တော်လည်း သိလှတတ်လှချည်ရဲ့တော့ မဟုတ်ပါဘူး၊ ဖတ်ထား၊ မှတ်ထားတာလေးတွေ တစ်ဆင့် ပြန်ပြောပြတဲ့သဘောပါ။ ပြောလက်စနဲ့ ဆက်ပြောရဦးမယ် . . .’

‘ဟုတ် ဘာလဲဗျ၊ ပြောပါဦး စိတ်ဝင်စားပါတယ်’

‘အော် ဒီလိုဗျ၊ တစ်ရက် နှစ်ဆယ့်လေးနာရီထဲကနေ ကျန်းမာရေးအတွက်တင်မဟုတ်ဘဲ ဘဝတစ်သက်တာအတွက်ပါ ခွဲဝေအသုံးပြုသင့်တဲ့ အချိန်ခွဲတမ်းလေး ပြောပြချင်တယ်ဗျ . .’

‘အချိန်ခွဲတမ်းတဲ့လား၊ အဆန်းသားလား၊ ရှင်းပါဦး’

‘အော် ဒီလိုပါ၊ ကျွန်တော်တို့ အားလုံး တစ်ရက် နှစ်ဆယ့်လေးနာရီ ပိုင်ဆိုင်ကြတယ်။ အဲဒီ နှစ်ဆယ့်လေးနာရီကို သုံးပိုင်း ပိုင်းရင် ရှစ်နာရီ သုံးပိုင်းရမယ်။ ပထမ ရှစ်နာရီကအလုပ် လုပ်ရမယ်။ ဒုတိယ ရှစ်နာရီမှာတော့ ကျန်းမာရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ဝါသနာအတွက်ရယ်၊ မိသားစု၊ သူငယ်ချင်း၊ မိတ်ဆွေတွေအတွက်၊ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားအတွက်ရယ်၊ အချိန်ပေးရမယ်။ ကျန်တဲ့ ရှစ်နာရီကတော့ အိပ်ရမယ်တဲ့’

‘ထပ်ဆင့် ရှင်းပြရရင် အလုပ် လုပ်တဲ့ ရှစ်နာရီမှာ အလုပ်ကို ကြိုးကြိုးစားစားနဲ့ ဝါယမ စိုက်လုပ်ရမယ်။ လေးလေးနက်နက် တွေးတွေးဆဆ စနစ်ကျကျ လုပ်ရမယ်’

‘ပြီးတော့ ’

‘အိပ်ချိန်ဆိုရင်လည်း ရှစ်နာရီရမယ်။ အခုခေတ်မှာက ရှစ်နာရီမပြည့်ကြဘူး။ မပြည့်ကြတော့ ကျန်းမာရေး ချို့ယွင်းတာတွေ ဖြစ်လွယ်တာပေါ့။ အိပ်ချိန်နဲ့ ရောဂါဘယတွေနဲ့ ပတ်သက်လို့ အကျယ်ပြောရင်တော့ အများကြီးပဲ။ ရှစ်နာရီမပြည့်တောင် ခုနစ်နာရီ ရှိရမယ်။ အနည်းဆုံး ခြောက်နာရီတော့ ပြည့်မီအောင် အိပ်ရမယ်လို့ဆိုတယ်။ အိပ်ရေးမဝရင် လူက နေထိုင်သွားလာရတာ မလန်းဆန်းဘူး။ အဲဒါပဲ ကြည့်လေ ’ ‘ပြီးတော့’

‘ကျန်တဲ့ရှစ်နာရီမှာ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ရမယ်။ အနည်းဆုံး လမ်းလျှောက်ရမယ်။ တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် ရေချိုး၊ ခေါင်းလျှော်တာက အစ ဝတ်စားဆင်ယင်မှုအလယ်၊ အစားအသောက်၊ အနေအထိုင်အဆုံး ဂရုပြုလုပ်ဆောင်ရမယ်။ ကိုယ်ဝါသနာပါရာ စာပေ၊ ဂီတ၊ အနုပညာ၊ ပန်းချီစတဲ့ အရာတစ်မျိုးမျိုး လုပ်နိုင်တယ်။

သောက်စားမူးယစ်တာ ဝါသနာပါတယ်ဆိုပြီးတော့ အဲဒါမျိုးတွေတော့ မလုပ်သင့်ဘူးပေါ့ဗျာ။ ပြီးရင် မိသားစုအသိုက်အဝန်း၊ သူငယ်ချင်း မိတ်ဆွေတွေနဲ့ ပြောဆိုဆက်ဆံအချိန်ပေးရမယ်။ ပြီးရင် ကိုးကွယ်ယုံကြည်ရာ ဘာသာတရားနဲ့ပတ်သက်လို့ တရားနာ ဘာဝနာပွား၊ အလှူဒါနပြုတာ၊ ဝတ်ပြုဆုတောင်းတာတွေ လုပ်ရမယ်။ အပြုံးလည်း ဆောင်ရမယ်လို့ ဘဝလမ်းကို အချိန်ခွဲတမ်းပြုထားလေရဲ့ဗျာ’ ‘သုံးသပ်ပြီး ပြောရရင်’

‘ဒီဘဝလမ်း အချိန်ဇယားလေးက စည်းပေါင်တစ်ခု ကန့်သတ်ချက်တစ်ခုလို့ ထင်ရပေမယ့် နေ့စဉ် အမှုတွေကို မှန်မှန်ကန်ကန် စနစ်တကျလုပ်ဖြစ်အောင် သတ်မှတ်ထားတာပဲဗျ။ ကျွန်တော်တော့ကြိုက်လို့ သုံးပုံခွဲဆေးလို့တောင် အမည်ပေးထားတယ်’

‘ဘယ်လိုဗျ ကိုမျိုးဦးရဲ့ သုံးပုံခွဲဆေးတဲ့လား’

‘ဟုတ်တယ် ကိုဘရှင်း ဆေးတစ်ပါးလို ကျင့်သုံးစေချင်လို့။ ခင်ဗျားရဲ့ စိတ်နဲ့ကိုယ်ကို ထိန်းကျောင်းဖို့ရာ လူနာမေး ဆေးလက်ဆောင် ပေးခဲ့ပြီဗျာ၊ ပြန်လိုက်ပါဦးမယ် ကိုဘရှင်းရေ’

## ကထိန်လှူဖွယ်ပစ္စည်းများ နယ်စပ်တောင်တန်းဒေသသို့ ပေးပို့

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေး၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းနှင့် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် ကထိန်ဖြစ်မြောက်ရေးအဖွဲ့သည် (၁၇)ကြိမ်မြောက် လက်ခံရရှိသည့် ကထိန်ပဒေသာပင်များကို အချို့လှူဖွယ်အိတ်အဖြစ်လည်းကောင်း၊ အချို့ဝေးလံဒေသများသို့ K pay ဖြင့်လည်းကောင်း လှူဒါန်းလျက်ရှိရာ မန္တလေးမြို့၊ မတ္တရာမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းသို့ ယမန်နေ့က ကော်မတီဝင် ဦးတိုးအောင်နှင့်အဖွဲ့က ပေးအပ်လှူဒါန်းရာ ဆရာတော်မှ လက်ခံရယူသည်။ (ဝဲပုံ)



အလားတူ ချင်းပြည်နှင့် အခြားသို့ ကထိန်အိတ်အစားတန်ဖိုးတစ်သိန်းတစ်သောင်းကျပ်စီဖြင့် ချင်းပြည်နယ်၊ ရှစ်ဆရာတော်ကျောင်း၊ ကျော့တော်ကျောင်း၊ သမန်းကိုင်း(နောင်ချို)ကျောင်း၊ ခွီးရိမ်ကျောင်း၊ ဘုရားစခန်းကျောင်း၊ ကျော့တော်ကျောင်း (သစ်ချိုပင်)၊ ပန်အော့ကျောင်း၊ မကျန်ကျောင်း၊ အန်လောင်းကျောင်း၊ မုံပင်ကျောင်း၊ ကျောက်ဂူကျောင်း၊ ဆစ်ပလော်နောက်ကုန်းကျောင်း၊ တောင်ပုလုကျောင်း၊ မလိပ်ထွီကျောင်း၊ မလှိုင်ကျောင်း၊ ရွှေကျောင်း၊ ရိုးကျောင်း၊ ဇင်ယော်မောင်ကျောင်း၊ လုပ်ခေးကျောင်း၊ ဒေါက်နွေကျောင်း၊ ဒုံအိတ်ကျောင်း၊ ခုံကျောင်း၊ တုံကိန်းကျောင်း၊ မရှိန်လော့်ကျောင်း စုစုပေါင်း ကျောင်း ၂၄ ကျောင်းကို ပေးလှူပြီးဖြစ်ကြောင်း သိရသည်။

(ကဆ)

## မန္တလေး စက်မှုလက်မှုအထက်တန်းကျောင်း (T.H.S) (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေး၊ စက်မှုလက်မှု အထက်တန်းကျောင်း(T.H.S) ကျောင်းသားဟောင်းများ၏ ၂၀၂၄ ခုနှစ် (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၈ လမ်းနှင့် လမ်း၇၀ ထောင့် (ယခင် T.H.S ကျောင်းဟောင်း)၊ (G.T.C)ကျောင်းခန်းမ၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၄၃ ဦးနှင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များ၊ T.H.S ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသားဟောင်း ဦးကျော်ဇင်နိုင် (97 EP)က အခမ်းအနားအစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခင်ကျော်(82 M)က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကွယ်လွန်ပြီးသော ဆရာ၊ ဆရာမများနှင့် ကျောင်းသားဟောင်းများအား အောက်မေ့သတိရမေတ္တာပို့သောအားဖြင့် နှစ်မိနစ် ငြိမ်သက်ကြသည်။

ဆက်လက်၍ ကျောင်းသားဟောင်း ဦးမောင်ဆွေ(73 R)က ကန်တော့ချိုးဖြင့် တိုင်တည်၍ ကျောင်းသားဟောင်းများက လက်အုပ်ချီမိုး ရှိခိုးကန်တော့ပြီး ကန်တော့ခံဆရာကြီး ဦးအောင်ပွင့်က ဩဝါဒစကားမြွက်ကြားသည်။ ယင်းနောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားများက ကန်တော့ပစ္စည်းနှင့် ကန်တော့ငွေများ တစ်ဦးချင်းပူဇော်ပေးအပ်ကြသည်။

ထို့နောက် ကျောင်းသားဟောင်းများဖြစ်ကြသော ကိုအောင်မင်းဦး(81 W)နှင့် ကိုကျော်ထွန်းစိုး(97 EP)တို့က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားကြပြီး ဘဏ္ဍာရေးမှူး ဦးထွန်းရွှေ(80 R)က ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြ၍ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခင်ကျော်က နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

အခမ်းအနားတွင် ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၆၀ ဦးရှိကာ ၄၃ ဦး တက်ရောက်နိုင်ခဲ့ပြီး တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ကန်တော့ကြပြီး အကြောင်းကြောင်းကြောင့် အခမ်းအနား မတက်ရောက်နိုင်သော ဆရာကြီး၊ ဆရာမကြီးများအား အိမ်တိုင်ရာရောက် ပေးပို့ကန်တော့ကြမည် ဖြစ်သည်။

အခမ်းအနားအပြီးတွင် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆရာကြီး၊ ဆရာမကြီးများအား နေ့လယ်စာ ထမင်း၊ ဟင်းများဖြင့် ကျွေးမွေးဧည့်ခံကြောင်း သိရသည်။

(အောက်ပုံ) (PNT)





## လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၉**

အနာဂတ်၏ လူငယ်များ ထူးချွန်ထက်မြက်၍ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက အမှတ်(၂၈)အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် အမှတ်(၂၈) အခြေခံပညာအထက်တန်းကျောင်း၊ (တာဝန်ခံ)ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ယုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက "လူငယ်နှင့်ရိုးသားဖြောင့်မတ်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အား/ကာ ဦးစီးမှူး ဦးတင်မောင်ဝင်းက "လူငယ်နှင့် အားကစား" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးဟောပြောခဲ့ကြသည်။

ဟောပြောပွဲ အခမ်းအနားပြီးနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် ဝန်ထမ်းများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့် ဝန်ထမ်းများ၊ တာဝန်ခံကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) ချမ်းမြေ့

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ကျန်းမာခြင်းရဲ့ အခြေခံ

* တင့်တင့်တို့အရွယ် ကွမ်းတောင်ကိုင်အလုကြွယ်
ပျို့ရွယ်မှုအလှသရဖူဆောင်း
ခင်နွဲ့နှောင်းများ ဘဝက
ခုအချိန်မှာ ဇရာအလှတွေခြယ်မှုန်း
ခင်သန္တာသက်ချိုပြုံး
ဆင်ခန္ဓာ ဝက်ကိုယ်လုံးလေးတွေ ဖြစ်လာချိန်မှာ
ဝိတ်လျှော့ဖို့ရာ အလေးထား
တစ်ကျော့ပြန်လို့ လမ်းလျှောက်သွား ။
* အာရုဏ်ဦးအလှတွေခံစား
စောစောထ လမ်းလျှောက်သွား
ပယောဂကင်းတဲ့ လေညင်း
ရှင်းသန့်တဲ့ လေအေး ဝ ဝ ရှူ
သဘာဝရေအေး ဝ ဝ သောက်
မနက်တိုင်း အမြဲလမ်းလျှောက် ။
* ရှမ်းရိုးမနောက်က ပေါ်ထွက်လာစ
ဒေါင်းဖန်ဝါရဲ့ ဗီတာမင် ဒီ ကို
တွေ့ထိခံစား
အရိုးများလည်း အားပြည့်နိုင်မှာ
နွားနို့သောက်စရာ မလိုပါ
လမ်းလျှောက်ခြင်းရဲ့ ကျေးဇူးမဟာ ။
* အပြန်မှာ ဈေးဝင်
စုံလင်မျှတ အာဟာရတွေ ဝယ်လာ
လမ်းလျှောက်ခြင်းရဲ့ အရသာ
ကိုယ်စိတ်ပေါ့ပါး လန်းဆန်းသွား
နေ့စဉ်နေ့တိုင်း လမ်းလျှောက်သွား
ပေါ့ပေါ့ပါးပါး ယောဂ ကစား
ကျန်းမာခြင်းအတွက် အခြေခံများ ။ ။

ခင်ဆွေလှိုင်(ပန်းချီ)



## သတင်းပဒေသာ

### မွေးမြူရေးနှင့်ပတ်သက်သည့် ကျောင်းပြင်ပ ကွင်းဆင်းလေ့လာရေးခရီး ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကိုင်းတုံမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဗဟုသုတများရရှိစေရန် ဝမ်းအွယ်အခြေခံပညာနှင့် စက်မှုစိုက်ပျိုးရေး၊ မွေးမြူရေး၊ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကျောင်းတွင်း ဘာသာရပ်များသင်ကြားမှုအပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် ကျောင်းပြင်ပကွင်းဆင်းလေ့လာရေးခရီးကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ကျန်းမာတက်ကြွသောဘဝ ရရှိစေရန်အတွက် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ မြို့သစ်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာတော်များဆေးကုသဆောင်၌ ယမန်နေ့ နံနက်ပိုင်းက ပုံမှန်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်တွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မ,တည်ငွေကျပ်သိန်း ၁၅၀ ဖြင့် မယ်နင်ကျေးရွာအုပ်စု၊ မယ်နင်ကျေးရွာ၌ "အလင်းရောင်" စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။ စာကြည့်တိုက်အဆောက်အအုံသစ်အား မိုင်းဆတ်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဦးအာလွန်၊ ခရိုင်စာကြည့်တိုက်များဖွံ့ဖြိုး တိုးတက်ရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဒေါ်မျိုးမျိုးသွယ်၊ ခရိုင်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဦးအောင်ဇော်၊ မယ်နင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအင်ခမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အခြေခံပညာကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခြေခံပညာကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ဇရာရွှေလီခန်းမ၌ ကျင်းပခဲ့သည်။အခြေခံပညာကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကသာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ပိုက်ကျော်ခြင်းအသင်း(၁၀)သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အုပ်စုပတ်လည်အားကစားပြိုင်ပွဲတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားအသင်းနှင့် အ·ထ·က(ခွဲ)အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားအသင်းတို့ ယှဉ်ပြိုင်ကြရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားအသင်းကလည်းကောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အားကစားအသင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အားကစားအသင်းတို့ ယှဉ်ပြိုင်ကြရာတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အားကစားအသင်းကလည်းကောင်း၊ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း အားကစားအသင်းတို့ ယှဉ်ပြိုင်ကြရာတွင် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း အားကစားအသင်းက အနိုင်ရရှိကြ၍ (အကြိုဗိုလ်လုပွဲ)သို့ တက်ရောက်သွားခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဝန်ထမ်းမိသားစုများ စုပေါင်း၍ ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက် အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၁၁) ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သား၊ ပဲ၊ ငါးပိချက်၊ ငရုတ်သီးကြော်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် အပါး ၂၅၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက် အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**





## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၂၉**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေများ ပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် အလှူရှင် ဒေါ်ခင်ဆွေဦး မိသားစုက နှစ်ဖက်မိဘများနှင့် ဦးအောင်ကျော်၊ (မြေး)မိုးစက်ရတနာ၊ အောင်မိုးစက်တို့အား ရည်စူး၍ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ စုစုပေါင်း ငွေကျပ် ၉သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ကထိကဆရာတော် ဘဒ္ဒန္တကဝိဓဇက ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာယောကြားချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၀၃၆)**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဒီဇင်ဘာ ၁၃ ရက်တွင် မန္တလေး၊ ဈေးချို၊ ဦးဘိုအေး အလှကုန်မှ ဖခင် ဦးဘိုအေး ကွယ်လွန်ခြင်း နှစ်နှစ်ရှစ်လပြည့်အား ရည်စူး၍ (သမီး) ဒေါ်မြင့်မြင့်အေး၊ ဒေါ်စန်းစန်းအေးတို့က ဆေးပဒေသာပင် အလှူငွေကျပ်ဆယ်သိန်းအား လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်စဉ်။ (ကဆ)





## အိမ်တော်ရာစေတီတော် ရှေးဟောင်းသမိုင်းဝင်(၁၄)ခန်းဇရပ် စတုတ္ထအကြိမ် ပြန်လည်ပြုပြင်မွမ်းမံ၍ ရေစက်ချလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာရပ်ကွက်၊ အိမ်တော်ရာစေတီတော်ရှိ ရှေးဟောင်းသမိုင်းဝင်(၁၄)ခန်းဇရပ်အား စတုတ္ထအကြိမ်ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ရေစက်ချလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက အိမ်တော်ရာစေတီ (၁၄)ခန်းဇရပ်တွင် ကျင်းပရာ အိမ်တော်ရာစေတီတော် ဩဝါဒါစရိယဆရာတော်များကြွရောက်ပြီး (၁၄)ခန်းဇရပ် မူလအလှူရှင် ဒေါ်တင်တင်ဦး(သမီး)ဦးဇော်ဖေ+ဒေါ်ခင်လေးမြင့်(သဇင်ပန်းဟိုတယ်နှင့် စိန်ရွှေရတနာဆိုင်)မိသားစုများ၊ အိမ်တော်ရာစေတီဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အိမ်တော်ရာစေတီ ဩဝါဒါစရိယဆရာတော်ကြီးထံမှ သီလခံယူပြီး သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အိမ်တော်ရာစေတီ (၁၄)ခန်းဇရပ်ရှေးမူမပျက် စတုတ္ထအကြိမ် ပြုပြင်မွမ်းမံခြင်းလှူဒါန်းမှုအစုစုအတွက် အလှူရှင်ဒေါ်တင်တင်ဦးနှင့် မိသားစုဝင်များက ရေစက်သွန်းချ အမျှဝေ၍ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းပြီး ဧည့်သည်များအား နံနက်စာကျွေးမွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (ကဆ)**

## သာသနာပြုကျောင်းများနှင့် နွမ်းပါးသူများအတွက် ခြုံစောင်များပါဝင်လှူဒါန်းနိုင်

**မန္တလေး ဒီဇင်ဘာ ၂၉**


နယ်စပ်၊ တောင်တန်း သာသနာပြု ဗြဟ္မစိုရ်ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ ဦးဆောင်သော စောင်ခြုံထွေးလို့ နွေးပါစေ အစီအစဉ်ဖြင့် တောင်ပေါ်ဒေသများတွင် သာသနာပြုနေသော ဘုန်းကြီးကျောင်းများနှင့်အဆိုပါ ဒေသများရှိ အနွေးထည်မဝယ်နိုင်သော နွမ်းပါးသူများအတွက် ခြုံစောင်များကို ပေးပို့လှူဒါန်းလျက်ရှိရာ အများပြည်သူ ပါဝင်လှူဒါန်းနိုင်သည်။

"အခုအချိန် တောင်ပေါ်ဒေသတွေက အတော်လေး အေးနေပါပြီ၊ မြို့နဲ့ဝေးလံခေါင်ဖျားဒေသတွေမှာ အနွေးထည်မဝယ်နိုင်ဘဲ စောင်ပတ်ပြီး သွားနေရသူတွေ အတော်များတယ်၊ သူတို့အတွက် ဆရာတော်ကြီးရဲ့ လမ်းညွှန်မှုနဲ့ နှစ်စဉ်စောင်တွေ ပေးပို့လှူဒါန်းနေတာပါ၊ အများပြည်သူအနေနဲ့ ခြုံစောင်လာလှူတာဖြစ်ဖြစ် တစ်ပတ်ရစ် အဝတ်အထည်ဟောင်းတွေ၊ အနွေးထည်ဟောင်းတွေ လာလှူတာဖြစ်ဖြစ် မိမိစွမ်းသလောက် ပါဝင်လှူဒါန်းနိုင်ပါတယ်" ဟု ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားရေးအသင်းချုပ်(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက ပြောသည်။

ပါဝင်လှူဒါန်းလိုသူများအနေဖြင့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား တောင်စလင်းတိုက်ရှိ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး)သို့ ခြုံစောင်တစ်ထည်လျှင် ငွေကျပ် ၇၀၀၀နှုန်းဖြင့် ဖုန်း ၀၉-၆၆၀၅၅၀၃၉၉၉၊ ၀၉-၇၅၁၅၁၆၂၀၄ သို့ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကဆ)

# နတ်တော်လနှင့် မြန်မာ့ယဉ်ကျေးမှုပွဲတော်များ




**အေးချမ်းလှသည့် လနတ်တော်**

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် နတ်တော်လသည် နဝမမြောက်လဖြစ်သည်။ ရက်မစုံလဖြစ်၍ ရက်ပေါင်း ၂၉ရက်သာ ရှိသည်။ ခရစ်နှစ် ၂၀၂၄ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် မြန်မာသက္ကရာဇ် ၁၃၈၆ခု၊ တန်ဆောင်မုန်းလကုန်သဖြင့် နတ်တော်လသည် ဒီဇင်ဘာ ၁ ရက်တွင် လဆန်း ၁ရက်၊ ဒီဇင်ဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့တွင် လဆုတ် ၁၄ ရက် လကွယ်သည်။

မြန်မာတို့တွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ဥတုသုံးပါးရှိရာ နတ်တော်လသည် ဆောင်းဥတုတွင်း ကျရောက်သည်။ သို့သော် ယခုနှစ် မြန်မာ့မိုးလေလွန်ကဲမှုများကြောင့် နှောင်းမိုးကောင်းခဲ့ပြီး ဆောင်းအဝင် အအေးလျော့သည်။ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့မှာပင် မုန်တိုင်းများ အဖျားခတ်သဖြင့် တစ်နေကုန် မိုးအုံ့နေလေ့ရှိသည်။ အချို့ဒေသများတွင် မိုးအနည်းငယ်ပင် ရွာသေးသည်။ နတ်တော်လဆန်းသည်နှင့် မြောက်လေအေး စဝင်လာသည်။ နတ်တော်လနှင့် ပြာသိုလတို့တွင် မိုးလေဝသနှင့် ဇလဗေဒသတင်းများအရ နိုင်ငံမြောက်ပိုင်း အအေးပိုလာမည်ဟု သိရသည်။ ထူးခြားသည်မှာ နတ်တော်လပြည့်နေ့သည် ဒီဇင်ဘာ ၁၅ ရက်ဖြစ်ပြီး ခရစ်ယာန်ဘာသာဝင်တို့၏ ခရစ္စမတ်နေ့မှာ နတ်တော်လဆုတ် ၁၀ ရက် ဒီဇင်ဘာ ၂၅ ရက် ကျရောက်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ မြန်မာ့ဆယ့်နှစ်လရာသီ၏ အရုပ်ပွဲ၊ ပန်း၊ နက္ခတ်တို့ကို သတ်မှတ်ထားရာ နတ်တော်လ၏ရာသီမှာ 'ဓနုရာသီ'၊ ရာသီပန်းမှာ 'သဇင်ပန်း'၊ ရာသီပွဲမှာ 'မဟာပိန္နဲနတ်ပွဲ'၊ စန်းယှဉ်နက္ခတ်မှာ 'မိဂသီနက္ခတ်' ဖြစ်သည်။

**သာယာလှပသည့်လ**

မြန်မာနိုင်ငံ၏ ပုံမှန်ရာသီဥတုအရ သီတင်းကျွတ်လပြည့်ကျော်သည်နှင့် တန်ဆောင်မုန်းလမှစ၍ ပွင့်လင်းရာသီရောက်လေ့ရှိသည်။ ယခုနှစ်တွင်လည်း သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် မြန်မာနိုင်ငံတစ်ဝန်း ဘာသာရေးပွဲတော်များ၊ နိုင်ငံတော်အဆင့် မြန်မာ့ယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများ၊ အားကစားပွဲတော်အကြို၊ ပြည်နယ်၊ တိုင်း အားကစားပြိုင်ပွဲများအပြင် သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့် ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်၊ အလုပ်ရုံ၊ စက်ရုံ၊ နားရက်များအတွင်း နိုင်ငံအနှံ့ ဘုရားဖူးများ၊ အပန်းဖြေစခန်းများ၊ ရပ်ဝေးမိသားစုထံ သွားရောက် ဂါရဝပြုမှုများဖြင့် ပျားပန်းခတ်မျှ စည်ကားခဲ့သည်။ ယခုနတ်တော်လထဲတွင်မူ ရိုးရာနတ်ပွဲများပင် တိုးလာသည်။

မြန်မာနိုင်ငံတစ်ဝန်း ဘာသာရေးပွဲတော်များ၊ နိုင်ငံတော်အဆင့် မြန်မာ့ယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများ၊ အားကစားပွဲတော်အကြို၊ ပြည်နယ်၊ တိုင်း အားကစားပြိုင်ပွဲများအပြင် သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့် ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်၊ အလုပ်ရုံ၊ စက်ရုံ၊ နားရက်များအတွင်း နိုင်ငံအနှံ့ ဘုရားဖူးများ၊ အပန်းဖြေစခန်းများ၊ ရပ်ဝေးမိသားစုထံ သွားရောက်ဂါရဝပြုမှုများဖြင့် ပျားပန်းခတ်မျှ စည်ကားခဲ့သည်။

မိုးဥတုအတွင်း မိုးများခဲ့ရာ သစ်ပင်များ၊ ပန်းပင်များ၊ စိုက်ပျိုးသီးနှံများ ရေဝခဲ့ကြသည်။ နှင်းဆီပန်းရောင်စုံ၊ ဂန္ဓမာပန်းရောင်စုံ၊ ဒေလီယာပန်းရောင်စုံ၊ စံပယ်ပန်း၊ ဇွန်ပန်း၊ ရွှေပန်း၊ ငွေပန်းတို့၏ အလယ်တွင် ထူးကဲသောအနံ့ဖြင့် အလှကျက်သရေဆောင်သည်မှာ 'သဇင်ပန်း'ဖြစ်သည်။ တောင်ယာစပါးများကို သီတင်းကျွတ်လကုန်တွင် ရိတ်သိမ်းလေ့ရှိပြီး လယ်ဧကများစွာ စိုက်ပျိုးသည့် မိုးစပါးကိုမူ တန်ဆောင်မုန်းလကုန်ခါနီးမှစ၍ ရိတ်သိမ်းလေ့ရှိသည်။ တောင်ပေါ်နေ တိုင်းရင်းသားများဖြစ်သည့် ကချင်၊ ရှမ်း၊ ပလောင်၊ ကရင်နှင့် ချင်းတိုင်းရင်းသားတို့မှာ မိမိတို့ ပင်ပန်းကြီးစွာ တောင်ယာခုတ်၍ စိုက်ပျိုးခဲ့သော တောင်ယာစပါးတို့ကို ရိတ်သိမ်း၊ နယ်၊ လှေ့ အပြီးထောင်း၍ ကြိတ်၍ ရရှိသော ကောက်သစ်ဆန်ဖြင့် ရိုးရာ ကောက်သစ် ပသပွဲများ၊ ကောက်သစ်စားပွဲများ ကျင်းပလေ့ရှိသည်။ အထူးသဖြင့် နတ်တော်လဆန်းပိုင်းတွင် ကျင်းပလေ့ရှိသည်။ လှူဒါန်းပသလေ့ရှိသည်။

**စာဆိုတော်ပွဲ**

မြန်မာတို့သည် အစဉ်အဆက် ယဉ်ကျေးသိမ်မွေ့သည့် လူမျိုးဖြစ်သဖြင့် ရှေးမြန်မာမင်းများ၏ နန်းတော်မှာပင် စာပေထွန်းကားခဲ့သည်။ ရှင်ဘုရင်နှင့် မင်းညီမင်းသား၊ ပညာရှိအမတ်ဝန်ကြီးတို့ကအစ စာပေကို အားပေးသည်။ ချီးမြှင့်သည်။ လူပုဂ္ဂိုလ်များသာမက ရဟန်းစာဆိုများပင် ထင်ရှားခဲ့သည်။

မြန်မာတို့သည် ရှေးယခင်က နတ်များကို ပူဇော်ပသခဲ့ကြသည်။ ပုဂံခေတ် အနော်ရထာမင်းကြီးလက်ထက် ဗုဒ္ဓသာသနာထွန်းကားခဲ့ရာ နတ်ပူဇော်ပသမှု နည်းပါးသွားခဲ့သည်။ အစဉ်အဆက် မဟာဂီရိနတ် ပူဇော်ပသရာမှ ညောင်ရမ်းခေတ်ရောက်သည့်အခါ မဟာပိန္နဲနတ်ကို ပူဇော်ပသသည့်ဓလေ့တွေ့ရသည်။ သို့သော် ဘိုးတော်ဘုရားလက်ထက်ရောက်သည့်အခါ နတ်ကိုးကွယ်မှုအစား နတ်တော်လတွင် စာပေပညာတွင် စာဆိုတော်များကို ချီးမြှင့်အားပေးခဲ့သည်မှာ မျက်မှောက်ခေတ်အထိပင် ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်းမှာပင် မြန်မာစာပေ တိုးတက်ထွန်းကားခဲ့ပြီး နတ်တော်လဆန်း ၁ ရက်ကို စာဆိုတော်နေ့သတ်မှတ်ကာ စာဆိုပွဲများ၊ ဆုချီးမြှင့်ပွဲများ ကျင်းပခဲ့ကြသည်။



**ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်သည့်လ**

ရှေးမြန်မာဘုရင်များလက်ထက်မှ ယနေ့ကာလတိုင် မြန်မာတို့သည် နတ်တော်လတွင် ဘွဲ့ထူး၊ ဂုဏ်ထူးများ ဆက်ကပ်၊ ပေးအပ်ချီးမြှင့်လေ့အစဉ်အလာရှိသည်။ နိုင်ငံ့ကာကွယ်ရေးကို မြှင့်တင်သည့်အနေဖြင့် စစ်သည်များ စုဆောင်းခြင်း၊ လေ့ကျင့်ခြင်း၊ ခန့်အပ်တာဝန်ပေးခြင်းတို့နှင့်အတူ ဘွဲ့ထူးအသစ်များပါ ချီးမြှင့်လေ့ရှိသည်။

နိုင်ငံတော်တွင် ပြီးခဲ့သည့် တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် ကျရောက်သော အမျိုးသားအောင်ပွဲနေ့တွင် ပိုင်အမ်ဘီအေ အသင်းချုပ်ကြီးက ရန်ကုန်မြို့တော် ရွှေတိဂုံစေတီတော်ရှိ အခမ်းအနားတွင်လည်းကောင်း၊ မန္တလေးမြို့ အမျိုးသားအောင်ပွဲနေ့တွင် မြန်မာကွန်ဖင်းရှင်းခန်းမ၌လည်းကောင်း ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်ခဲ့ကြသည်။ နိုင်ငံတော်အစိုးရကလည်း ဘွဲ့ထူး၊ ဂုဏ်ထူး ချီးမြှင့်မည့်ပုဂ္ဂိုလ်များကို ကြေညာခဲ့သည်။

**မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ နတ်တော်လ**

နတ်တော်လသည် နိုင်ငံအဝန်း အေးချမ်းသည့် ရာသီဥတုရှိသည့် လဖြစ်သည်။ ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်သည့်လ၊ စာဆိုတော်နေ့ ကျင်းပသည့်လဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်များအတွက်လည်း ခရစ္စမတ်နေ့ ကျင်းပသည့်လ ဖြစ်သည်။ အထူးသဖြင့် မိုးဥတုအတွင်း အပင်ပန်းခံ၍ စိုက်ပျိုးခဲ့သည့် စပါးသီးနှံများမှ ကောက်သစ်များ ပေါ်ပြီဖြစ်၍ လှူဒါန်းပွဲများ၊ ကောက်သစ်စားပွဲများ ကျင်းပသည့်လ ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**ဆရာစန်း(မန်းမြို့သစ်)**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ



**စဉ့်ကိုင် ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ် ရှမ်းကန်ကျေးရွာအုပ်စု၊ ရှမ်းကန် (တောင်)ကျေးရွာ၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ VDPစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သော အရှည် ၂၅၀၀ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဦးဗိုလ်အောင်မောင်မောင်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး ပြည့်ဖြိုးအောင်နှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ၊ စုစုပေါင်း အင်အား ၇၀၀ ဦးခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကွန်ကရစ်လမ်း ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းခဲ့သည်။

ထို့နောက် ရှမ်းကန်(တောင်) ကျေးရွာနေ ရပ်မိ၊ ရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ရှမ်းကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်၍ အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ ကွန်ကရစ်လမ်းဆောင်ရွက်ထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ကျော်စွာ(စဉ့်ကိုင်)

*- *- *- *- *- *- *



**မြစ်သား ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စားပွဲတင်တင်းနစ်ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ယမန်နေ့က လူထုအခြေပြု ဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ လူငယ်၊ လူရွယ်များကို ကိုယ်လက်ကြံ့ခိုင်ကျန်းမာပြီး ဉာဏ်ပညာထက်မြက်စေရန် ရည်ရွယ်၍ ပြိုင်ပွဲကျင်းပခြင်း ဖြစ်သည်။

ဆက်လက်၍ စားပွဲတင်တင်းနစ်ပြိုင်ပွဲ အကဲဖြတ်အမှတ်ပေးဒိုင် ၄ ဦးက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့ကာ မြစ်သားမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ (ထက်၊ လယ်)ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးနှင့် အလွတ်တမ်းဝါသနာရှင် ၁၀ ဦး၊ စုစုပေါင်းပြိုင်ပွဲဝင် ၃၀ ဦးတို့အား အတွဲ(က)၊(ခ) အတွဲများ ခွဲကာ မဲနှိုက်စနစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အလွတ်တန်းဝါသနာရှင် ဆုရရှိသူများအား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ပေးသွားမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဗိုလ်ဗိုလ်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်နှင့် ဆရာ၊ ဆရာမများ၊ အမှတ်ပေးဒိုင်အဖွဲ့များ၊ စားပွဲတင်တင်းနစ်အလွတ်တန်းဝါသနာရှင်များ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၊ စုစုပေါင်းအင်အား ၇၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

**ညောင်ဦး ဒီဇင်ဘာ ၂၉**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက ညောင်ဦးခရိုင် လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပရခြင်း၏ရည်ရွယ်ချက်၊ အာဇာနည်နေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ မြန်မာတစ်မျိုးသားလုံး မမေ့သင့်သည့် အာဇာနည်ခေါင်းဆောင် ၉ ဦးတို့၏ အတ္ထုပ္ပတ္တိအကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ ကျောင်းအားလပ်ချိန် ပြင်ပဗဟုသုတရှာဖွေနိုင်ရန် ကျောင်းစာအပြင် ပြင်ပစာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားနိုင်စေရန် စာအုပ်၊ စာစောင်ပြပွဲ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်



ကျောင်းသား၊ ကျောင်းသူများ အထိဖြစ်အောင် ပညာပေးဟော ဟောပြောပွဲ အလေ့အထနှင့် ပြောပွဲများ ကျင်းပပေးခဲ့ခြင်း နံရံကပ်စာစောင်ပြသခြင်း၊ ပြောရဲ၊ ဆိုရဲ၊ ဆွေးနွေးရဲသည် ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဒီပါလင်း**

**သာစည် ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အခြေခံပညာမူလတန်းအဆင့်ပြိုင်ပွဲများကို ယမန်နေ့



မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန (CommunityCentre) ခန်းမနှင့် ကလေးစာဖတ်ခန်းတို့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး အမှတ်ပေးဒိုင်အဖြစ်ဆောင်ရွက်သော ကာတွန်း လူမင်းအောင်က ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ အ·ထ·ကများ၊ အ·လ·က(ခွဲ)များ၊ အ·မ·က(မူလွန်)များနှင့် အ·မ·ကတို့က မူလတန်းအတန်းငယ် ကျောင်းသား၊ ကျောင်းသူ ၃၁ ဦးတို့က ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် မူလတန်းအတန်းကြီးများမှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးတို့က လွတ်လပ်ရေးနှင့်ပတ်သက်သည့် ကဗျာသုံးပုဒ်တို့ကို မဲနှိုက်၍ မဲပေါက်ရာခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြသည်။ အဆိုပါ ပြိုင်ပွဲများမှ ပထမ၊ ဒုတိယနှင့် တတိယရရှိသော ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်မှကျင်းပမည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) (၄၈၇)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Agni ရုပ်ရှင်ကား မီးသတ်သမားများ အကြောင်း ရိုက်ကူးထား

ဟောလိဝုဒ် ၂၀၂၄ ခုနှစ်တွင် ထွက်ရှိလာသည့် Agni ရုပ်ရှင်မှာ မီးသတ်သမားများအကြောင်း ရိုက်ကူးတင်ဆက်ထားသည့် သည်းထိတ်ရင်ဖို ဇာတ်လမ်းဖြစ်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ရာဟူးဒိုဏာကီးယားက ဖန်တီးထားပြီး ထုတ်လုပ်သူ ရီတီရှားသစ်ဝါနီနှင့် ဖာဟာမ်းအာကာတာတို့က ကရစ္စမားဂျာဂန်ဂျီအာနှင့် ပူးတွဲထုတ်လုပ်ထားသည့် မီးသတ်သမားများအကြောင်း ရိုက်ကူးထားခြင်းဖြစ်သည်။

မိသားစုကိုပင် ဒုတိယနေရာထား၍ မီးတောက်မီးလျှံကြားပျော်မွေ့နေသည့် မီးသတ်သမားတစ်ဦးမှာ မီးလောင်ကျွမ်းမှုတစ်ခုတွင် ရှူမီးဖြစ်နေရာမှ ယောက်ဖဖြစ်သူ ရဲအရာရှိနှင့် ပူးပေါင်း၍ တရားခံကို ဖော်ထုတ်ခဲ့ကြပုံကို သည်းထိတ်ရင်ဖိုပြသထားသည်။

မီးရှို့မှုများ ဆက်တိုက်ကြားမှ တရားခံကို ဖော်ထုတ်ခဲ့ကြပုံကို ပရိသတ်များ ရင်တမမကြည့်ရှုကြရသည့်အတွက် အားပေးမှုနှုန်းမြင့်မားခဲ့သည်။

(SKY)

၀-၀-၀-၀-၀-၀-၀-၀

## Rose ၏ Rosie ဂီတအယ်လ်ဘမ် တရုတ်နိုင်ငံတွင် အားပေးမှု ရရှိထား

ဘလက်ပင့်ခ်အဖွဲ့ဝင် ရို့စ်၏ တစ်ကိုယ်တော်ဂီတအယ်လ်ဘမ်မှာ အက်ပါမြူးဇစ်၏ နိုင်ငံပေါင်း ၇၄ နိုင်ငံတွင် ပထမနှင့် တရုတ်နိုင်ငံတွင် အားပေးမှုအမြင့်ဆုံးရရှိထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရို့စ်က လက်ရှိ ဘီလီ



အင်္ဂလိပ်၊ ကန်ဒရိတ်လာမာတို့ကို ကျော်လွှန်ခဲ့ပြီး တရုတ်နိုင်ငံတွင် ရောင်းအားအကောင်းဆုံးပထမနေရာကို QQ Music, NefEase Music, KuGou နှင့် Apple Music China တွင်လည်း ထိပ်ဆုံးစာရင်းဝင်ထားသည်။

ရို့စ်ကိုယ်တိုင် ရေးသားထားသည့် အယ်လ်ဘမ်တွင် သီချင်း (၁၂)ပုဒ် ပါဝင်ပြီး ဂီတကို ယုံကြည်မှုနှင့်အချိန်ကြာမြင့်စွာ တေးရေး၊ ထုတ်လုပ်၊ တေးဆို၊ ပါဖောမင့်၊ ဒါရိုက်တာအဖြစ် အယ်လ်ဘမ် တစ်ခုလုံးကို ရင်နှင့်ရင်းထား၍ အောင်မြင်မှုကို ဆွတ်ခူးရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

(SKY)




## အပင်အခြေပြုအသားများ စားသုံးခြင်းကြောင့် စိတ်ကျရောဂါနှင့် ရောင်ရမ်းမှုတိုးလာနိုင်ဖွယ် ရှိ

သားသက်လွတ်စားသူများသည် ယခင်က အသီးအရွက်များကို စားသုံးခဲ့ရာမှ ယခုအခါ အပင်အခြေပြုအသားအမျိုးမျိုးကို စားသုံးလာခဲ့ကြသည်။

ဟင်းသီးဟင်းရွက်ကို အသားနှင့်တူအောင်တုပထားသော အစားအစာများကို သားသက်လွတ်စားသူများအတွက် ပြုလုပ်ခဲ့ပြီးနောက် အသားအစစ်ထဲမှ အမျှင်နှင့်တူသော အစားအစာကို ဖန်တီးကြရာမှ အပင်အခြေပြုအသားဟူ၍ ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။

ယင်းအပင်အခြေပြုအသားစားသုံးခြင်း၏ ဘေးထွက်ဆိုးကျိုးများအကြောင်းကို ဗြိတိန်နိုင်ငံ ဆာရေးတက္ကသိုလ်မှ ဟာနာနာဗရာတီလိုဗာဦးဆောင်သော သုတေသီများ စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အပင်အခြေပြုအသားများ စားသုံးခြင်းကြောင့် စိတ်ကျရောဂါနှင့်ရောင်ရမ်းမှုတိုးလာနိုင်ဖွယ်ရှိသည်ဟု မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ SCI

## Baifern Pechanon က အကြိုက်ဆုံး တရုတ်မင်းသမီးကို ထုတ်ဖော်ပြောကြားခဲ့

ထိုင်းအနုပညာရှင် ဘိန်ဖရင်ပီချာနွန်သည် ထိပ်တန်းအနုပညာရှင်စာရင်းဝင်တစ်ဦးဖြစ်ပြီး ယမန်နေ့က ကျင်းပခဲ့သည့် Lqiyi Event ပွဲတော်သို့ တက်ရောက်လာရာမှ အကြိုက်ဆုံးတရုတ်မင်းသမီးအကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘိန်ဖရင်ပီချာနွန်သည် အဆိုပါ ပွဲတော်တွင် အစီအစဉ်တင်



ဆက်သူက အကြိုက်ဆုံး တရုတ်အနုပညာရှင်ကို မေးခဲ့ရာမှ တရုတ်မင်းသမီးကျန်းလူဆီ(ခေါ်)ရှီဆီကျန်းဟု ဖြေကြားပေးခဲ့သည်။

ဘိန်ဖရင်ပီချာနွန်နှင့် ကျန်လူဆီတို့မှာ အသက်အရွယ်မတိမ်းမယိမ်းဖြစ်နေကြပြီး ထိုင်းနှင့် တရုတ်အနုပညာလောကတွင် ထိပ်တန်းအနုပညာရှင်စာရင်းဝင်များဖြစ်ကြကာ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှု မရှိသော်လည်း အနုပညာကို လေးစားတန်ဖိုးထားမှု မြင့်မားခဲ့ကြသည်။ (SKY)



## Hwan Jungmin က 12:12 The Dayနှင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု ရ

၂၀၂၄ ခုနှစ် နှစ်စတွင် ထွက်ရှိခဲ့သည့် 12:12 The Day ရုပ်ရှင်မှာ ကိုရီးယားနိုင်ငံ၏ ဖြစ်ရပ်မှန်သမိုင်းကို ရိုက်ကူးထားခြင်းဖြစ်ပြီး နှစ်ကုန်အနုပညာထူးချွန်ဆုပေးပွဲတွင် ရုပ်ရှင်၊ ဒါရိုက်တာနှင့် အဓိကသရုပ်ဆောင်ဟွမ်ဂျောင်မင်တို့ ဆုရရှိခဲ့ကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ဟွမ်ဂျောင်မင်မှာ ဗီလိန်နေရာမှ ပရိသတ်မုန်းတီးမိလောက်အောင် သရုပ်ဆောင်ကောင်းခဲ့သူဖြစ်ပြီး အနုပညာထူးချွန်ဆု ရရှိခဲ့သည်။

ယင်းရုပ်ရှင်ကားလည်း ဆုစာရင်းဝင်ခဲ့ပြီး ဒါရိုက်တာနှင့် မင်းသားအပါအဝင် ဆုသုံးဆု ဆွတ်ခူးရရှိခဲ့သည့် ကိုရီးယားဖြစ်ရပ်မှန်ရုပ်ရှင်ကားဖြစ်သည့်အပြင် ငြိမ်နေသည့်ရေ ပိုနက်ကြောင်းကိုပါ တင်ပြထားသည်။

(SKY)

၀-၀-၀-၀-၀-၀-၀-၀

## Xiao Zhan က Gucci 2024 ၏ Florence Party Night Ad Campaign တွင် ပါဝင်

တရုတ်အနုပညာရှင် ရှောင်းကျန့်သည် Gucci 2024 Holiday Gift စီးရီး Chapter 4 : Florence Party Night Ad Campaign တွင် နောက်ဆုံးလူအဖြစ် ပါဝင်လာသော အနုပညာသံတမန်အဖြစ် မြင်တွေ့ရကြောင်း ဝီန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှောင်းကျန့်သည် Global Campaign နှင့် Gucci တို့ လက်တွဲခဲ့သည့် ငါးနှစ်အတွင်း ငါးကြိမ်မြောက်ပါဝင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် Gucci Global Campaign တွင် ဖက်ရှင်စတိုင်လ်သစ်နှင့်မြင်တွေ့ကြရသည်။

အဆိုပါ Gucci Gift ၏ အားလပ်ရက် Campaign အတွက် အမေရိကန်သရုပ်ဆောင်များနှင့် သံတမန်ရှောင်းကျန့်ကို Gucci ၏ မွေးရပ်မြေ Florence ကို ဖိတ်၍ နှစ်ကူးညစာစားပွဲကိုပါ အတူဆင်နွှဲခဲ့ကြသည်ကို တွေ့ရသည်။

(SKY)




## ဂျပန်အနုပညာရှင် Miho Nakayama ရုတ်တရက်ကြွလွင့်

ဂျပန်အဆိုတော်မင်းသမီး မီဟိုနာခါရာမသည် တိုကျိုမြို့ရှိ နေအိမ်တွင် ရုတ်တရက်ရေချိုးခန်းအတွင်း လဲကျသေဆုံးခဲ့ပြီး အနုပညာကြယ်တစ်ပွင့်ကြွေလွင့်သွားခဲ့သည်ဟု အင်န်အိပ်ချကေသတင်းဌာနက ဖော်ပြသည်။

အဆိုပါသေဆုံးမှုအတွက် အာဏာပိုင်များက စုံစမ်းစစ်ဆေးနေကြကာ မီဟိုနာခါရာမှ ၁၉၇၀ ခုနှစ် မတ်လတစ်ရက်ဖွားဖြစ်၍ အသက် ၅၄ နှစ်ရှိပြီ ဖြစ်သည်။

၁၉၈၅ ခုနှစ်တွင် အဆိုတော်အဖြစ် ပွဲဦးထွက်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် Love Letter နှင့် နိုင်ငံတကာထိ ကျော်ကြားခဲ့ကာ အာရှတစ်လွှားတောက်ပသူဖြစ်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ဂီတပညာရှင် ဟီတိုနာရီဆူဂျီနှင့်လက်ထပ်၍ သားတစ်ဦးရပြီးမှ ၂၀၁၄ ခုနှစ်တွင် ကွာရှင်းခဲ့ပြီး သားဖြစ်သူမှာ ခင်ပွန်းဟောင်းအုပ်ထိန်းခွင့်ရရှိထားသည်။

မီဟိုနာခါရာမသည် တိုကျိုမြို့ရှိ အိမ်ရေချိုးခန်းအတွင်း လဲကျသေဆုံးမှုနှင့်ပတ်သက်၍ အာဏာပိုင်များက စစ်ဆေးနေကြကာ ပရိသတ်များက နှမြောတသဖြစ်နေကြသည်။

(SKY)





## ဆွမ်းကပ်အလှူတော်အခမ်းအနား ကျင်းပ

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ အောင်ပင်လယ် သစ္စာ အဓိဋ္ဌာန်အောင်ဆုတောင်းပြည့် မြတဘက် နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဆရာတော် သံဃာတော်များ၊ သီလရှင်များ၊ ယောဂီများအား ဆွမ်းကပ်အလှူကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်း စောနန်းထွေးကျောင်း ဆောင်တွင် ကျင်းပပြုလုပ်သည်။

အဆိုပါ ဆွမ်းကပ်အလှူတော်မင်္ဂလာကို ဦးတင်လင်းအောင်နှင့် ဦးသန်းဌေးတို့အား ရည်စူး၍ သာမညအကျော်နှောင်သာယာထမင်းဆိုင်မှ ပဋ္ဌာန်းဆက်မိသားစုများဖြစ်ကြသော မဖြူဖြူငြိမ်းမိသားစုတို့က တိုက်အုပ်ဆရာတော် သဒ္ဓမ္မဇောတိကာဓဇ ဘဒ္ဒန္တရာဇိန္ဒ အမှူးရှိသော ကျောင်းတိုက်အတွင်း သီတင်းသုံးနေထိုင်တော်မူကြသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း အာဟာရဒါနကို လှူဒါန်းခဲ့ကြသည်။ ပစ္စည်းများအတွက်လည်း နံနက် ၉ နာရီတွင် နဂါးကိုးကောင် ဆရာတော် သဒ္ဓမ္မဇောတိကာဓဇ ဘဒ္ဒန္တရာဇိန္ဒထံမှ သီလခံယူဆောက်တည်၍ ရေစက်သွန်းချ အမျှဝေခဲ့သည်။

အဆိုပါ စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ရှမ်း၊ မြန်မာ၊ ပအိုဝ်၊ ပလောင် စသော တိုင်းရင်းသားရှင်သာမဏေ၊ သီလရှင်နှင့် ကျောင်းသား၊ ကျောင်းသူ (၁၀၀၀) ကျော်ခန့်အား သူငယ်တန်းမှ အဋ္ဌမတန်းအထိ အခမဲ့ပညာသင်ကြား စောင့်ရှောက်လျက်ရှိသည်။ မကြာမီပြုလုပ်တော့မည့် ငွေရတုအကြို (၂၄)နှစ်မြောက်အဖြစ် ပညာရေးဌေပဒေသာပင် စိုက်ထူလှူဒါန်းပွဲအတွက် ပညာပါရမီဖြည့်စွမ်းလိုသော ပဋ္ဌာန်းဆက်စေတနာရှင်၊ အလှူရှင်များအနေဖြင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ၀၉-၂၀၃၂၂၄၇၊ ၀၉-၄၀၂၅၉၈၃၅၁ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကဆ)

ဆွမ်းနှင့်တကွသော အခြံအရံ

၀-၀-၀-၀-၀



## ဆင်ပေါင်ဝဲမြို့ ကမ်းနား၊ ကမ်းခြေသန့်ရှင်းသာယာလှပရေး အမှိုက်များရှင်းလင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့ ကမ်းနား၊ ကမ်းခြေသန့်ရှင်းသာယာလှပစေရေးအတွက် ဒီဇင်ဘာ ၂၈ ရက် နံနက် ၇ နာရီက ကမ်းနားလမ်း We Love Sinbaungwe ဆိုင်းဘုတ်အနီး ကမ်းခြေတွင် အမှိုက်သရိုက်များကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ စုပေါင်း၍ အမှိုက်များ ကောက်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။(အပေါ်ပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် ကမ်းနားရေပြင် ကမ်းခြေတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်း၍ အမှိုက်များ၊ မြက်ပင်များ၊ ချုံနွယ်များ၊သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များမီးရှို့ခြင်း၊ အမှိုက်သရိုက်များအား စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျသိမ်းဆည်းစွန့်ပစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀

## အမှတ်(၂)အ.ထ.က ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် ယခင်စံပြကျောင်း၊ ကျောင်းသား၊ ကျောင်းသူဟောင်းကြီးများ၏ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်းရှိ ပညာဂုဏ်ရောင်ဓမ္မာရုံတွင် ပြုလုပ်သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး၊ အာစရိယပူဇော်ပွဲ နှစ်စဉ်မပျက်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ကျောင်းသားဟောင်း ဦးဝင်းနိုင်က ရှင်းလင်းတင်ပြသည်။ ယင်းနောက် အလှူငွေရရှိမှုစာရင်းနှင့် တစ်သီးပုဂ္ဂလအလှူရှင်များစာရင်းကို ဖတ်ကြားတင်ပြပြီး၊ ပူဇော်ကန်တော့လွှာကို ကျောင်းသားဟောင်းတစ်ဦးက ဦးဆောင်ဖတ်ကြားကာ ဆရာကြီး၊ ဆရာမကြီးများအား ဦးခိုက်ရှိခိုးပူဇော်ကန်တော့ကြကာ၊ ကန်တော့ငွေများကို လက်ရောက်ပေးအပ်ကြသည်။ ယင်းနောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာမကြီး ဒေါ်မြစိန်က ဩဝါဒစကားချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



အဆိုပါ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကန်တော့ခံဆရာကြီး၊ ဆရာမကြီး (၁၀၉)ဦး ရှိသည့်အနက် (၇၈)ဦး တက်ရောက်ကန်တော့ခံခဲ့ကြကြောင်း၊ မတက်ရောက်နိုင်သည့် ဆရာကြီး၊ ဆရာမကြီးများအား အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ကြမည်ဖြစ်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူဟောင်း စုစုပေါင်း (၁၂၈)ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၅၆)

၀-၀-၀-၀-၀

## မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများ နေ့၊ ညမပျက် စစ်ဆေး

**ပွင့်ဖြူ ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပွင့်လင်းရာသီချိန်ရောက်ရှိလာပြီဖြစ်သဖြင့် မြို့မစည်ပင်သာယာဈေးကြီးတွင် မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများ နေ့၊ ညမပျက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်က ပြောပြ၍ သိရသည်။

အဆိုပါ ပွင့်ဖြူမြို့မဈေးကြီးအား မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ကြီးကြပ်မှုဖြင့် ဈေးတာဝန်ခံနှင့်ဝန်ထမ်းများက ဈေးကော်မတီအဖွဲ့ဝင်များနှင့်ပူးပေါင်းပြီး နေ့၊ ညမပျက်သွားရောက်ပြီး ဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်ခန်းများအလိုက် မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ၊ ဈေးလုံခြုံမှု ရှိ၊ မရှိနှင့် တပ်ဆင်ထားရှိသော လျှပ်စစ်မီးကြိုးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးလောင်စေနိုင်သော လောင်စာများနှင့် အရာဝတ္ထုပစ္စည်းများ သိုလှောင်ထားမှု မရှိစေရေး ဈေးသူ၊ ဈေးသားများအား ပွင့်လင်းရာသီကာလ မီးဘေးသတိမူစေရန် အသိပညာပေးခြင်းများ ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့မဈေးကြီးအပါအဝင် ကျေးလက်စည်ပင်သာယာဈေး(၄)ခုအား ပွင့်လင်းရာသီကာလ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် ဈေးသူ၊ ဈေးသားများ စိတ်အေးချမ်းသာစွာ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်နိုင်ရန်အတွက် ဈေးတာဝန်ခံများနှင့် ဈေးကော်မတီအဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ညစဉ် ဈေးမီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများ ကြပ်မတ်စစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်နိုင်ရန် လျှပ်စစ်မီးများ စနစ်တကျကိုင်တွယ်အသုံးပြုရန် အသိပညာပေး ဆွေးနွေးဟောပြောခြင်း၊ မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်း၊ သန့်ရှင်းသပ်ရပ်စွာဖြင့် ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်နိုင်ရန် အပတ်စဉ်ဈေးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၄၅)

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားလှုပ်ရှားမှု အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ဌာနဆိုင်ရာပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲများ ကျင်းပ

**ရေနံချောင်း ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားလှုပ်ရှားမှုအဖြစ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ဌာနဆိုင်ရာပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ကျင်းပသည်။

အားကစားပြိုင်ပွဲများတွင် မြို့နယ်အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူလေးများက မီတာ(၁၀၀)၊ မီတာ(၅၀) အပြေးပြိုင်ပွဲ၊ အိတ်စွပ်အပြေးပြိုင်ပွဲ၊ အလျားခုန်၊ ပူဖောင်းဖောက်၊ ပေတံလှ၊ အာလူးကောက် စသည့် အားကစားနည်းများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဒုတိယနှင့် တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲများတွင် ပထမဆုရရှိသူများနှင့် ဌာနဆိုင်ရာပေါင်းစုံ ဘောလုံးပြိုင်ပွဲဆုများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆက်လက်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

(၄၇၂)



## ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**သရက် ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီခွဲက တေဇခန်းမရှေ့မှစတင်၍ လမ်းလျှောက်ခဲ့ကြသည်။

ဆက်လက်၍ တေဇခန်းမရှေ့မှ ရေမှတ်တိုင်လမ်း၊ လမ်းမတော်လမ်း၊ မင်းတုန်းလမ်းမှ ရုံးကြီးလမ်းထိ စုပေါင်းလမ်းလျှောက်ကြပြီး သရက်ခရိုင် အားကစားကွင်းအတွင်းသို့ ဝင်ရောက်ကာ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ရာ ကျန်းမာရေးလေ့ကျင့်ခန်း အတွဲ(၁)နှင့်(၂)ကို စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀

## ဦးဖုန်းကျော်နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂(A)လမ်း၊ ၁၃၀လမ်းနှင့် ၁၃၁လမ်းကြားနေသူ ဒေါ်မာမာဆွေ(ဘ)ဦးစံအောင်(၅/ဘတလ(နိုင်)၀၇၆၄၃၇)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်နှင့်အညီ အောက်ပါအတိုင်း ဦးဖုန်းကျော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်သည် လွန်ခဲ့သော(၂၀၁၉)ခုနှစ်ခန့်ကစ၍ (၀၉-၇၆၁၆၄၁၅၅၉)ဟူသော Atom ဆင်းကတ်ကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် အဆိုပါဆင်းကတ်သည် ၂၀၂၃ ခုနှစ်၊ ၁၂ လပိုင်းခန့်က မှတ်ပုံမတင်သောကြောင့် ယာယီ ပိတ်သိမ်းခြင်းခံခဲ့ရပါသည်။ ယခုအခါ ကျွန်ုပ်အမှုသည်သည် အခြားဆင်းကတ်တစ်ခုအား ပြောင်းလဲအသုံးပြုလျက်ရှိပါသည်။ သို့ရာတွင် ယခင်ယာယီပိတ်သိမ်းခံရသော (၀၉-၇၆၁၆၄၁၅၅၉)ဟူသော Atom ဆင်းကတ်အား ဦးဖုန်းကျော်(ဘ)ဦးဖိုးပု(၉/ငဇန(နိုင်)၀၇၂၁၆၄)ကိုင်ဆောင်သူမှ ကျွန်ုပ်အမှုသည် မသိရှိဘဲ အဆိုပါဆင်းကတ်အား မရိုးမသား ဆက်လက်လျှောက်ထားကာ ကျွန်ုပ်အမှုသည် ယခင်က အသုံးပြုခဲ့သော Tiktok, Telegram, Viber Account များကို ဆက်လက်အသုံးပြုနေပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်မှာ ဦးဖုန်းကျော် ဆိုသူနှင့် လူမှုရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ တစ်စုံတစ်ရာပတ်သက်မှု မရှိသောကြောင့် ဦးဖုန်းကျော်အနေဖြင့် အဆိုပါဆင်းကတ်အား ပိတ်သိမ်းပေးပါရန်နှင့် အဆိုပါဆင်းကတ်သည် ယခင်ကကျွန်ုပ်အမှုသည်၏ လုပ်ငန်းသုံးဖုန်းဖြစ်သောကြောင့် အရှုပ်အရှင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ကျွန်ုပ်အမှုသည်နှင့် လုံးဝ သက်ဆိုင်ခြင်းမရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ထိုသို့ ဆက်လက်အသုံးပြုနေမည်ဆိုပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဖုန်းကျော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်မာမာဆွေ(ဘ)ဦးစံအောင်**
**(၅/ဘတလ(နိုင်)၀၇၆၄၃၇)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စာနည်ဝင်း (LL.B)**
**အထက်တန်းရှေ့နေ**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၂၂၇၇၀၆၄**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း ဧကဒသမတန်းတွင် ပညာသင်ကြားနေသော မအိရွှေစင်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဖြိုးဝေဖြစ်ပါကြောင်း။

**ဦးဖြိုးဝေ(၉/ပသက(နိုင်)၀၈၃၁၁၂)**

## ပျောက်ဆုံးကြောင်း

ဦးစန်းလွင်(ဘ)ဦးသော့ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/တသန(နိုင်)၁၇၉၂၀၁)ကိုင်ဆောင်သူ၏ Passport No- မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ကို အကြောင်းကြားပေးပါရန်။

**ဦးစန်းလွင် ဖုန်း ၀၉-၂၀၅၂၁၂၂**

## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၈၁)နေ (ဦးအောင်)+ဒေါ်နန်းရွှေပွင့်တို့၏သား မောင်အောင်ပြည့်ဖြိုး(ဘ)ဦးအောင်(၉/ခအဇ(နိုင်)၀၁၅၂၉၄) သည် မိခင်၏ ဆိုဆုံးမမှုစကားကို လုံးဝနားထောင်ခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ အိမ်ရှိကားပစ္စည်းများကို ရိုက်ခွဲခြင်း၊ အိမ်ရှိပစ္စည်းများကို ရောင်းချခြင်းနှင့် ဥပဒေနှင့်ငြိစွန်းသော ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သမျှသော ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများသည် ကျွန်မ ဒေါ်နန်းရွှေပွင့်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိဘဲ ၎င်းနှင့်သာ သက်ဆိုင်ဖြေရှင်းကြရန် အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**(မိခင်) ဒေါ်နန်းရွှေပွင့်(၉/မရမ(နိုင်)၀၅၈၄၅၈)**

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၈)၊ ဦးပိုင်အမှတ်(၃၂)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၃၅လမ်းနှင့် ၁၃၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးဇော်ဝင်းကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၃၃၃၈/၂၀၀၆)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်စိမ်းစိမ်း၏(SPရရှိသူ ဒေါ်နန်းမြစိန်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၀၈/၂၀၂၁)ဖြင့် (ခဲစင်း)အရှေ့ဘက်ကို ဝယ်ယူခဲ့သူ ဦးဝင်းတင့်နှင့် ဒေါ်စိမ်းစိမ်း၏(SPရရှိသူ ဒေါ်နန်းမြစိန်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၀၉/၂၀၂၁)ဖြင့် (ခဲစင်း)အနောက်ဘက်ခြမ်းကို ဝယ်ယူခဲ့သူ ဦးနိုင်ထွန်းတို့၏(SPရရှိသူဦးကျော်စိုးမိုး(ခ)ကန်နား)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၂၆၁/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်သက်(၁၀/မလမ(နိုင်)၁၅၃၁၁၃)က အမှုတွဲအမှတ်(၅၈၅၅/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၉)၊ ဦးပိုင်အမှတ်(၁၁၁/ခဲစင်း)၊ ၆၅လမ်းနှင့် ၆၇လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဒေါ်ယဉ်ယဉ်မေအမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးရွှေမှူး(ခ)ဦးရွှေမှုံး၊ မိခင် ဒေါ်ယဉ်ယဉ်မေတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၅၂၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော တစ်ဦးတည်းသောသားဖြစ်သူ ဦးနေလင်း(၉/မရတ(နိုင်)၀၀၆၃၇၅)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၈၆၂/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ရေကိုချွေတာသုံးစွဲပါ။

## " ကုန်အမှတ်တံဆိပ် အများသိစေရန် အသိပေးကြေညာခြင်း "

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ ၁၈ လမ်း၊ ၈၂ × ၈၃ လမ်းကြား၊ အမှတ် ( ၃၆ )နေ **ဦးရှင်ဖာ** (ဘ) ဦးလီးတဲ့ဆိုက် [၁၃/နခန (နိုင်) ၀၅၈၂၂၈] ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

BARDESE
巴德士家具漆

မှတ်ပုံတင်စာချုပ်အမှတ် (၃၅၄၄/၂၀၂၄)

FullTeam 芙田

မှတ်ပုံတင်စာချုပ်အမှတ် (၃၅၄၅/၂၀၂၄)

အထက်တွင် ဖော်ပြ ထားသော **" BARDESE 巴德士家具漆 "** နှင့် **" FullTeam 芙田 " အိမ်သုတ်ဆေး နှင့် ပရိဘောဂသုတ်ဆေးအမျိုးမျိုး** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင် ဌာနမှူးရုံးတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင် မြွက်ဟကြေညာစာတမ်းစာချုပ် မှတ်ပုံတင်အမှတ် (၃၅၄၄/၂၀၂၄) နှင့် (၃၅၄၅/၂၀၂၄) တို့အရ ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေ မှ **" BARDESE 巴德士家具漆 "** နှင့် **" FullTeam 芙田 " အိမ်သုတ်ဆေး နှင့် ပရိဘောဂသုတ်ဆေးအမျိုးမျိုး** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား(လိုဂို)၊ ပုံသဏ္ဍာန်၊ ဒီဇိုင်း၊ အရောင်၊ အရွယ်အစားဆိုဒ်အမျိုးမျိုးတို့ကို အသုံးပြုပြီး ထုပ်ပိုး ပစ္စည်းအမျိုးမျိုး နှင့် ဘလောက်၊ တံဆိပ်တုံး၊ ငွေပြေစာ ဘောက်ချာများအပေါ်တွင် ထည့်သွင်း ကပ်နှိပ်၊ ရိုက်နှိပ်၊ ဖိနှိပ်၍လည်းကောင်း၊ သတင်းစာ၊ သတင်းမီဒီယာကြော်ငြာ ဌာနများ၊ ကြော်ငြာဆိုင်းဘုတ်များတွင် ထည့်သွင်း ကြော်ငြာ၍လည်းကောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ သစ်သားသုတ်ဆေး၊ ရေဆေး၊ ဆီဆေး၊ ခံဆေး၊ တင်နာ၊ ပေါလစ်၊ ဆီလာအစရှိသည့် အိမ်သုတ်ဆေး နှင့် ပရိဘောဂသုတ်ဆေးအမျိုးမျိုးတို့ကို လက်လီ လက်ကား ဖြန့်ဖြူး ထုတ်လုပ် ရောင်းချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်မှတ်ပုံတင်သွင်း အသုံးပြုလျက်ရှိသော **"BARDESE 巴德士家具漆 "နှင့် "FullTeam 芙田 " အိမ်သုတ်ဆေး နှင့် ပရိဘောဂသုတ်ဆေးအမျိုးမျိုး** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား (လိုဂို) ကို ကျွန်ုပ်၏ မိတ်ဆွေမှ တစ်ပါး အခြား မည်သူ တစ်ဦးတစ်ယောက်မှုဖြစ်စေ၊ အများကဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား တုပ ပြုလုပ် သုံးစွဲခြင်း မပြု လုပ်ကြရန် နှင့် ကျွန်ုပ်တို့ မိတ်ဆွေ၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ကြံဆောင် ပြုလုပ်လာပါက ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ မည်သည့်တရားရုံးတွင် မဆို တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုလျက် လျော်ကြေးငွေများ တောင်းခံမည် ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ချမ်းသဇင်** (LL.B) အထက်တန်းရှေ့နေ
၄၈ × ၄၉ လမ်းကြား၊ ၁၁၆ လမ်း၊ ချမ်းမြသာစည်မြို့နယ် ၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၆၂၂၄

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၅၅-ခ)၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးပေါကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၈၉/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အေးအေး၏(GPရရှိသူ ဦးမင်းသိန်း)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၈၇၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မေဆောင်းညွှန့်(ခ)မေသင်းဦး(၁၃/ကမန(နိုင်)၀၀၀၄၈၉)က အမှုတွဲအမှတ်(၅၈၄၉/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၆)၊ ဦးပိုင်အမှတ်(၄၃)၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ခတ္တာလမ်းနှင့် ဂန္ဓမာလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးလှဝင်း၏(SPရရှိသူဒေါ်လီချောင်(ခ)ဒေါ်စန်းစန်းအေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၅၁၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုင်းဘသန်း(၁၃/မနန(နိုင်)၀၀၈၉၈၄)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၈၅၂/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၆)၊ ဦးပိုင်အမှတ်(၈၇)၊ ၆၅လမ်း၊ ၁၃၄လမ်းနှင့် ၁၃၅လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးချစ်ထွေး(၉/မရတ(နိုင်)၀၅၇၁၂၈)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၈၆၆/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၄)၊ ဦးပိုင်အမှတ်(၈၅)၊ ၁၁၄လမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးငွေ၏(SPရရှိသူဦးဟုကွမ်းဆိုင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၄၉၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးနေဝင်းထွန်း(၁၃/မဆတ(နိုင်)၀၇၄၁၉၂)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၈၅၁/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ MNDAA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်က အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်...

❖ ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

# ပုပ္ပားတောင်မကြီး ဒီဇင်ဘာတစ်လလုံး တောင်တက်သူများပြားလျက်ရှိနေ

**ညောင်ဦး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၏ အရှေ့မြောက်ဘက် ၁၁ မိုင်ခန့်အကွာတွင် တည်ရှိသော ကမ္ဘာကျော်မီးငြိမ်းတောင်တစ်လုံးဖြစ်သည့် ပုပ္ပားတောင်မကြီး၏ ဒီဇင်ဘာတစ်လလုံး တောင်တက်ပွဲသို့ ပါဝင်တက်ရောက်သူများပြားစွာ တက်ရောက်လျက်ရှိကြောင်း ပုပ္ပားဒေသခံများထံမှ သိရသည်။

အဆိုပါ ပုပ္ပားတောင်တက်ပွဲကို မြန်မာပြည်အရပ်ရပ်ရှိ တောင်တက်ဝါသနာရှင်များ၊ တောင်တက်စက်ဘီးစီးဝါသနာရှင် အားကစားသမားများ၊ ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ကျောက်ပန်းတောင်းဝန်းကျင်မြို့များဖြစ်သည့် မကွေး၊ ရေနံချောင်း၊ ချောက်၊ စလေ၊ တောင်သာ၊ မိတ္ထီလာ၊ ငါ့သရောက်၊ ညောင်ဦး၊ ပုဂံ၊ ဝဲလောင်၊ ပုပ္ပားလွင်ရွာ၊ ကံဇာတ်ကုန်းရွာ၊ အင်ချောင်းရွာနှင့် ကျောက်ပန်းတောင်းမြို့မှ တောင်တက်ဝါသနာရှင်များ စုပေါင်းတက်ရောက်လျက်ရှိသလို ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ မိတ္ထီလာမြို့၊ ရမည်းသင်းမြို့များမှ တောင်တက်ဝါသနာရှင်များလည်း လာရောက်၍ တက်ရောက်လျက်ရှိကြောင်း သိရသည်။

တောင်တက်သူအများစုသည် မိတ်ဆွေအပေါင်းအသင်းများနှင့် တက်ရောက်ကြခြင်း၊ မိသားစုလိုက် တက်ရောက်ကြခြင်းများရှိကြကြောင်း၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်မကြီးပေါ်သို့ ဒီဇင်ဘာလတစ်လလုံး နေ့စဉ်တောင်တက်သူများရှိကြောင်း၊ ပုပ္ပားဒေသခံများက တောင်တက်လမ်းတစ်လျှောက် ရေသန့်၊ ကြာဆံဟင်းခါး၊ ခေါက်ဆွဲပြုတ်များ၊ သစ်သီးမျိုးစုံ၊ အကြော်မျိုးစုံကို ရောင်းချကြကြောင်း၊ ဒီဇင်ဘာ ပထမပတ်မှ စတုတ္ထပတ်အတွင်း တောင်တက်သူ အများဆုံး လာရောက်ကြပြီး ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်ရုံးပိတ်ရက်နှင့် ဒီဇင်ဘာ ၃၁ ရက် နှစ်သစ်ကူး ရုံးပိတ်ရက်တို့တွင် နှစ်စဉ်နှစ်တိုင်း တိုးမပေါက်အောင် တောင်တက်သူများပြားခဲ့ကြောင်း သိရသည်။ တောင်တက်သူများ များပြားသလို စွန့်ပစ်ပစ္စည်းများဖြစ်သည့် ရေသန့်ဘူးခွံ၊ တစ်ခါသုံးဖော့ဘူးခွံ၊ ပလတ်စတစ်အမှိုက်များ ကြဲရာမစွန့်ပစ်ဘဲ တောင်တက်လမ်းတစ်လျှောက်



စာမျက်နှာ ၇ သို့ ➤

## နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲ ကျင်းပမည်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲ အခမ်းအနားကို ၂၆လမ်းနှင့် ၆၆လမ်းထောင့်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီအချိန်မှစတင်၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များဖြစ်ကြသော အုပ်စိုးခန့်၊ ဇော်ကို၊ မယ်လိုဒီ၊ ပိုပို၊ မေလသံစဉ်တို့နှင့် တွဲဖက်လျက် မန်းစည်ပင်ခေတ်ပေါ်တေးဂီတ၊ DJ တို့ဖြင့် တွဲဖက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**(မန္တလေးနေ့စဉ်)**

## စင်ကာပူအသင်းအား အနိုင်ယူပြီး ဗိုလ်လုပွဲသို့ ဗီယက်နမ်အသင်းတက်ရောက်

အရှေ့တောင်အာရှ ချန်ပီယံရှစ်(မစ်ဆူဘီရှီ အီလက်ထရစ်ဖလား)ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်အဖြစ် ယနေ့ ည ၇နာရီ ၃၀ မိနစ်က ဗီယက်နမ်နိုင်ငံ၌ ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီယက်နမ်အသင်းက စင်ကာပူအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။



ဗီယက်နမ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် (၄၅+၁) မိနစ်၊ ၆၃မိနစ်တွင် ငုယင်ရှောင်ဆန်၊ ပွဲချိန် (၉၀+၃)မိနစ်တွင် ငုယင်သီလင်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဗီယက်နမ်အသင်းသည် အရှေ့တောင်အာရှချန်ပီယံရှစ် (မစ်ဆူဘီရှီ အီလက်ထရစ်ဖလား)

စာမျက်နှာ ၇ သို့ ❖